
ရွှေပဒေသာစာပေ

# ဘညိုကြီး



# ဝိညာဉ် တစ်ကောင်၏ နောက်ဆုံးနေ့များ

ရွှေပဒေသာသရဲစာစဉ်အမှတ်(၃)

ဘုရား၊ တရား၊ သံဃာနှင့်
အမေ ဦးသိန်းလွင် + အမေ ဒေါ်အုန်းကြည်
ဆရာ ဘဆရာကြီး မင်းသိန်း
တို့အား ဤစာအုပ်ဖြင့်
ကန်တော့ပါ၏။

ဘညိုကြီး

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ (၆) ရက်

# ဒေတော့နသစ္စဝဇ္ဇေနာ

လေ့ငယ်တစ်စင်းတို့မည့်သည့် ကမ်းမှလွန်စွာ၍ မသွား
စကောင်း။

ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာမှ ခိုင်ခံ့သည့် ကမ်းကြီး
နှင့် အလားသဏ္ဍာန်တူသော …

(၁) ဆရာကြီး ရွှေဥဒေါင်း

(၂) ဆရာကြီး ဒဂုန်ရွှေမျှား

(၃) ဘဆရာကြီး မင်းသိမ်

တို့၏ ရေးဟန်၊ သွားဟန်တို့ကိုသာမက ဇာတ်ကွက်၊
ဇာတ်လမ်းဆင်ပုံများနှင့်ပါ နီးနိုင်သမျှ နီးကပ်အောင် သွေးကူး
လျက် ကျွန်ုပ်၏စာများကို ရေးသားရသည်ဖြစ်သည့်အလျောက်
ဂုဏ်ဆရာကြီး (၃) ဦးအား ကျွန်ုပ်က နဖူးမြေစိုက်ဦးခိုက်ပူဇော်
ပြီး ဖြစ်ပါတော့သည်။

ဤမှန်ကန်သောသစ္စာစကားကြောင့် ထိုဆရာကြီးတို့၏
စာများသည် အစွန့်ရှည်စွာ တည်ရှိသကဲ့သို့ ကျွန်ုပ်၏စာများ
သည်လည်း တည်တံ့ပါစေသော် …

လုံးစုံများစွာသတ္တဝါ

ချမ်းသာကိုယ်စိတ်ပြေပါစေသော် …

ဘညိုကြီး

၆-၁၀-၁၄

ဝိညာဉ်ဘုံသားတို့သည် မိမိတို့ဘဝ
ဟောင်းက နေထိုင်ခဲ့ဖူးသောနေရာ၊ မိမိတို့
စွဲလမ်းမြတ်နိုးခဲ့သော ပစ္စည်းတစ်ခုခုကို
မှီတွယ်နေကြသည်ဟူ၍ ...

ဝိညာဉ်ဘုံသားများသည် ... ကိုင်တွယ်၍ရသော သွေးသားမဟုတ်စေကာမူ ၎င်းတို့အလိုရှိရာ ရုပ်အဆင်းသဏ္ဍာန် အမျိုးမျိုးကို ဆောင်ခဲ့ပြီး ...

၎င်းတို့ စွဲလမ်းခဲ့သည့်နေရာ၊ ၎င်းတို့ စွဲလမ်းခဲ့သည့် ပစ္စည်းရှိရာသို့ လာရောက် ကျက်စားလေ့ရှိကြသည်ဟူ၍ ...

# ဝိညာဉ်
# တစ်ကောင်၏
# နောက်ဆုံး
# နေ့များ

ဘညိုကြီး

## တဏှာ, သရဲ, ဝိညာဉ် ဆိုတာ ဘာလဲ . . .

တဏှာ, သရဲ, ဝိညာဉ်ဆိုတာ အကောင်အထည် အစိုင်အခဲဟူ၍ မရှိဘဲ အရိပ်သဘောမျှသာရှိကြောင်း စာတွေထဲတွင် ဖတ်ဖူး၏။

"တဏှာ, သရဲ, ဝိညာဉ်ဆိုတာ တကယ် ရှိသလား"

သရဲ, တဏှာ, ဝိညာဉ်ဟု ကြားလိုက်သည်နှင့်ပင် လွန်စွာမှ တထိတ်တလန့်ဖြစ်ပြီးလျှင် ကြက်သီးမွေးညင်းများပင် ထကာ လွန်စွာမှ ကြောက်စိတ်များ ဖြစ်ရသည်မှာ လူတိုင်းပင်

ဖြစ်လေ၏။

အင်္ဂလိပ်လို ဖတ်တတ်သည့် မိတ်ဆွေတစ်ယောက်က သရဲ၊ တစ္ဆေ၊ ဝိညာဉ်များနှင့်ပတ်သက်ပြီး သူဖတ်ဖူးသည့် အင်္ဂလိပ်ဝတ္ထုတွေထဲက သရဲ၊ တစ္ဆေ၊ ဝိညာဉ်အကြောင်းကို မိတ်ဆွေက ကျွန်ုပ်အား အောက်ပါအတိုင်း ပြောလိုက်သည်မှာကား ...

တစ်ခုသော မိုးရာသီတွင် အနောက်တိုင်းဓာတ်ပုံဆရာ တစ်ယောက်သည် တစ်ညမှာ အရက်သောက်ရင်း ဗီဒီယိုထိုင်ကြည့်လို့နေလေ၏။

ထိုသို့ ထိုင်ကြည့်နေရင်း ည (၁၂) နာရီလောက်မှာ ဝိညာဉ်တစ်ကောင်သည် ဓာတ်ပုံဆရာ အရက်သောက်ရင်း ဗီဒီယိုထိုင်ကြည့်နေသည့်အနားသို့ ရောက်လာလေ၏။

ထိုအခါ အရိပ်တစ်ခုကို တွေ့လိုက်ရသည့်အခါ ဓာတ်ပုံဆရာသည် အရက်ခွက်ကို သောက်မည့်အပြုတွင် မသောက်သေးဘဲ လက်မှကိုင်ထားရင်းက ကြည့်လိုက်မိလေ၏။

ဝိညာဉ်ကလည်း တစ်စုံတစ်ရာ ခြောက်လှန့်ခြင်းမပြုနှင့် ဓာတ်ပုံဆရာအား အသေအချာ စိုက်ကြည့်မိလေ၏။

ဓာတ်ပုံဆရာနှင့်ဝိညာဉ်တစ်ကောင်တို့မှာ (၁၀) မိနစ်ခန့်ကြာအောင် စူးစူးစိုက်စိုက်ကြည့်ပြီးနောက် ဝိညာဉ်တစ်ကောင်သည် သူလာရာလမ်းအတိုင်း ပြန်သွားသလို၊ ဓာတ်ပုံဆရာကလည်း အရက်ဆက်သောက်ရင်း ဗီဒီယိုဆက်ကြည့်မိပြန်၏။

ထိုသို့ဖြစ်ခြင်းကား တစ်နေ့အလုပ်မဟုတ်ဘဲ ညစဉ်ညတိုင်း ဖြစ်၏။

တကယ်ထူးဆန်းသည်က ... ဓာတ်ပုံဆရာထံသို့ ညစဉ်လာနေကျ ဝိညာဉ်တစ်ကောင်သည် ၎င်းတို့၏သဘာဝအသံဖြင့် ခြောက်လှန့်ခြင်းမျိုး၊ အနံ့ဖြင့် ခြောက်လှန့်ခြင်းမျိုး၊ အမူအရာနှင့် ခြောက်လှန့်နှောင့်ယှက်ခြင်းမျိုးနှင့် ဓာတ်ပုံဆရာကိုမလုပ်ချေ။

ထို့ကြောင့် ဓာတ်ပုံဆရာက ထိုဝိညာဉ်၊ သရဲ၊ တစ္ဆေကိုကြောက်လန့်ခြင်းမရှိ၊ အရက်သောက်ကာ ဗီဒီယိုကြည့်တောင်မပျက်ဘဲ ရှိနေလေ၏။

ထို့နောက် ဓာတ်ပုံဆရာသည် အတွေးတစ်ခု သူ၏ခေါင်းထဲသို့ ဝင်ရောက်လာ၏။

"သရဲဆိုတာ ... ဘာလဲ"

"ဝိညာဉ်ဆိုတာ ... ဘာလဲ"

"တစ္ဆေဆိုတာ ... ဘာလဲ"

ဟု ဆိုကာ သိချင်လာလေတော့၏။ စမ်းသပ်ချင်လာလေတော့၏။

တစ်ညသ၌ ဓာတ်ပုံဆရာသည် သူ့ထံသို့ ဝိညာဉ်တစ်ကောင်မလာခင် သူ၏ကင်မရာကို အဆင်သင့်ပြုလုပ်ထားလိုက်လေ၏။

ပြီးလျှင် ... အရက်သောက်ကာ ဗီဒီယိုကြည့်နေရာ ည (၁၂) နာရီအချိန်တွင် ဝိညာဉ်တစ်ကောင် ရောက်လာပြီးလျှင် ဓာတ်ပုံဆရာအား စူးစူးစိုက်စိုက်ကြည့်နေစဉ် ဓာတ်ပုံဆရာက ရှုထောင့်အမျိုးမျိုးနှင့် အဆက်မပြတ် ဓာတ်ပုံရိုက်ယူလိုက်လေတော့၏။

ထို့နောက် ဓာတ်ပုံဆရာသည် ညတွင်းချင်း ဝိညာဉ်တစ်ကောင်ကို ရိုက်ထားသည့် ဖလင်ကို ကင်မရာထဲမှ ထုတ်ယူလိုက်ပြီးလျှင် အမှောင်ခန်းထဲမှာ ဖလင်ဆေးရည်နှင့် ဆေးကြည့်လိုက်သည့်အခါ ဖလင်တစ်လိပ်လုံးလိုလို အရုပ်မထင်ဖြစ်နေတာကို လွန်စွာမှ ထူးဆန်းစွာ တွေ့လိုက်ရလေတော့၏။

ထို့ကြောင့် ... ဝိညာဉ်၊ သရဲ တစ္ဆေ အကောင်အထည် အစိုင်အခဲမရှိဘဲ အရိပ်သဘောမျိုး ဖြစ်နေသည်ကို ဓာတ်ပုံဆရာ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေတော့သတည်း။

ဘညိုကြီး
၆-၁၀-၁၄

## အခန်း (၁)

ဝှန်း ဆိုသည့် အသံကြားလိုက်ရသည့် ရွှေတိုး မည်သို့ဖြစ်သွားသည်ကို ၎င်းကိုယ်တိုင် ဘာဆိုဘာမျှ မသိလိုက်တော့ချေ။

ရွှေတိုး သိသည်မှာကား အရက်သောက်ဖို့ပင် သိ၏။

ရွှေတိုး ...

"ဝှန်း"

ဆိုသည့် အသံကိုတော့ဖြင့် ကြားပင်ကြား၏။ သို့သော် အရက်သောက်ချင်သောစိတ်က လွှမ်းမိုးနေသည့်အတွက် ဘယ်ကိစ္စကိုမှ ဂရုမထား အလေးမထားမိလေ၏။

"ဟာ"

ဟုဆိုကာ ရွှေတိုး လွင့်သွား၏။

နဂိုမူလက အရက်အရှိန်ကြောင့် မူးပြီးယိုင်နေသည့်အခါ လူတစ်ယောက် အပြေးအလွှား ရွှေတိုးအား ဝင်တိုက်သွားခြင်း ဖြစ်ပေ၏။

"ဘယ်လိုလူလဲ မသိဘူး၊ အတော်ရိုင်းစိုင်းပါလား"

ဟု ရွှေတိုး ဝင်တိုက်ပြေးသွားသူအား အပြစ်တင်ပြောဆိုလိုက်ရာ . . .

"အမယ်လေးဗျ"

ဟုဆိုကာ ရွှေတိုးထံမှ ထပ်ပေါ်လာပြန်၏။

လူအချို့ ပြေးလွှားနေကြ၏။

ရွှေတိုးကိုလည်း ဝင်တိုက်သွားကြပြန်၏။

ထို့ကြောင့် ရွှေတိုး လွန်စွာမှ ဒေါသတွေထွက်ပြီး . . .

"...သားတွေ ...ဘယ်လိုဖြစ်လို့ ယောက်

ယက်ခတ်ပြီး ပြေးလွှားနေကြတာလဲ"

ဟု ပြောလိုက်မိလေ၏။

"ဘာဖြစ်လို့လဲ"

ဟုဆိုကာ လူအချို့ ပြေးလွှားနေသည့်နေရာသို့ ရွှေတိုး ကြည့်လိုက်ရာ လမ်းမပေါ်တွင် လူတွေအုံခဲလို့နေကြ၏။

ရွှေတိုးလည်း ရှေ့ဆက်မသွားဘဲ ရပ်၍ ကြည့်လိုက်ရာ

"အရက်သမားတစ်ယောက် ကားတိုက်ခံရလို့တဲ့"

ဟူသော လူတစ်ယောက်က အခြားလူတစ်ယောက်အား ပြောလိုက်သည့်စကားကို ရွှေတိုး ကြားလိုက်ရလေ၏။

"ဘာဖြစ်သွားလဲဗျ"

လူတစ်ယောက်က မေးရာ ...

"ပွဲချင်းပြီးပဲ"

ဟု ပြန်ပြောလိုက်သံ ကြားရသဖြင့် ရွှေတိုးက ထိုလူအား ...

"ဘယ်သူလဲ၊ ဘယ်က အရက်သမားလဲ"

ဟု စိုးရိမ်စိတ်နှင့် လှမ်းမေးရာ ထိုလူက ရွှေတိုးအား တစ်စုံတစ်ရာပင် ပြန်မပြော။ ရွှေတိုးအား လှည့်ပင်မကြည့်။ တခြားတစ်ဖက်သို့ ထွက်သွားလေ၏။

"ခွေးမသား ...ငါပြောတဲ့စကားကို သောက်ရေးတောင်မလုပ်ဘူး။ သူနှမလင် အရက်သမား ကားတိုက်လို့ သေတာကျနေတာပဲ"

ဟု ရွှေတိုး လွှန်စွာမှ ဒေါသထွက်ကာ အော်ဟစ်ဆဲဆိုလိုက်လေတော့၏။

"အင်း ...အရက်သမားတစ်ယောက် ကားတိုက်ခံရတယ်ဆိုပါလား။ အရက်သမားဆိုတော့ ဖိုးဇော်လား။ အငယ်လေးလား။ ရဲစိုးလား ... ဘယ်သူဖြစ်မလဲ မသိဘူး။

ဒီကောင်တွေ သေသွားလည်း အေးတာပဲ"

ဟု ရွှေတိုးက ပြောလိုက်လေ၏။

ဖိုးဇော်၊ အငယ်လေး၊ ရဲစိုးတို့မှာ အခြားလူများ မဟုတ်။ ရွှေတိုးနှင့်သောက်ဖော်သောက်ဖက် ယမကာလုလင်မိတ်ဆွေများ ဖြစ်ကြလေ၏။

ယခု ရွှေတိုးသည် ဖိုးဇော်၊ အငယ်လေး၊ ရဲစိုးတို့နှင့် အတူ သောက်ပြီးနောက် လမ်းခွဲကာ ရွှေတိုးမှာ တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်လေ၏။

ရွှေတိုးမှာ လွန်စွာမှ အရက်တွေ မူးနေသော်လည်း ရွှေတိုးမှာမူ အရက်ထပ်သောက်ချင်သောစိတ်က ဖြစ်ပေါ်နေပြန်၏။

အချိန်သည်ကား ည (၁၀) နာရီကျော်ပြီ။ ရွှေတိုး ယိုင်တိ ယိုင်တိုင်နှင့် လမ်းဖြတ်ကူးရင်း ...

"ဝုန်း"

ဆိုသည့်အသံကို ကြားလိုက်ရလေ၏။

"အရက်သမားတစ်ယောက် ကားတိုက်ခံရလို့တဲ့"

"ပွဲချင်းပြီးရောတဲ့"

ဟူသော အသံတွေ ကြားရ၏။

ရွှေတိုး သွားမကြည့်။

ရွှေတိုး အရက်မူးနေသော်လည်း သွေးသံရဲရဲ မြင်ကွင်းကို ရွှေတိုး မကြည့်ရဲချေ။

ကြည့်မိလျှင် ညဘက် အတော်နှင့် အိပ်မပျော်။ တစ်ခါက ဂိတ်ဝတွင် ဆိုင်ကယ်ကယ်ရီနှင့် လိုင်းကား တိုက်ရာ ဆိုင်ကယ်ကယ်ရီသမားမှာ သွေးအိုင်ထဲတွင် ပွဲချင်းပြီး သေဆုံးနေရာ ကြည့်မိ၍ ရွှေဝိုး တထိတ်တလန့်ဖြစ်ခဲ့ဖူးလေ၏။

ရွှေဝိုးမှာ အရက်သမားတစ်ယောက်ဖြစ်သော်လည်း လူလူချင်း မိုက်ရဲ၏။ ပြဿနာရှာရဲ၏။ ဆိုးသွမ်းရဲ၏။

သို့သော် ...သရဲ တစ္ဆေကိုတော့ ရွှေဝိုး လွန်စွာမှ ကြောက်တတ်လေ၏။

"အရက်သမားတစ်ယောက် ကားတိုက်လို့တဲ့၊

ဘယ်သူများလဲ ...အင်း ...အင်း။

သေချင်တဲ့သူ သေကြစမ်း။

အရက်သမားတစ်ယောက် ကားတိုက်သေတော့

လည်း တစ်ယောက်စာ ပိုသောက်ရတာပေါ့"

ဟု ဆိုကာ ရွှေဝိုး ပြောလိုက်ပြီးလျှင် ...

"ဟင် ...သေသွားတဲ့ အရက်သမားသာ

သရဲ တစ္ဆေဖြစ်သွားပြီး အရက်သောက်ချင်လို့ ငါ့

နောက်လိုက်လာမှဖြင့် ..."

ဟူသော အတွေးဝင်ရောက်လာကာ ရွှေတိုး ချက်ချင်း ထွက်လာခဲ့၏။

ရွှေတိုး ကြောက်စိတ်များ ဝင်ရောက်လာသဖြင့် သောက်ထားသောအရက်မှာ အရှိန်ပြေသလို ဖြစ်သွားလေ၏။

ရဲဆေး ထပ်တင်ရန် ကိုပေါက် အရက်ဆိုင်သို့ ယိုင်တိုင်တိုင်နှင့် ထွက်လာခဲ့ရလေတော့သတည်း။

□□□

**အခန်း (၂)**

**ကို**ပေါက် အရက်ဆိုင်သို့ ရောက်သည့် အခါ အရက်ဆိုင်ထဲတွင် အရက် အမှန်တကယ် သောက်သုံးသူများ အရှယ်စုံ ပြည့်လို့နေလေ၏။

ကိုပေါက် အရက်ဆိုင်တွင် အမှန်တကယ် သောက်သုံး နေကြသူစာရင်းတွင် - ရွှေတိုးသည်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်၏။

ရွှေတိုး ကိုပေါက်အရက်ဆိုင်ထဲသို့ ဝင်လိုက်သည့်အခါ အရက်သောက်နေသူများသည် ရွှေတိုးအား မည်သူကမှ ဂရု မထားကြချေ။

အရက်သောက်နေသူတို့သည် ကိုယ့်စကားနှင့်ကိုယ် တိုင်ပတ်နေကြ၍ လွန်စွာမှ ကောင်းနေကြသူများ။

သူ့စကား ကိုယ်မကြားရ၊ ကိုယ့်စကား သူ့မကြားရ လောက်အောင်ပင် စကားပြောသံများက လွန်စွာမှ ကျယ်လောင် စွာ ထွက်ပေါ်လာလေ၏။

ရွှေတိုးသည်လည်း ကားတိုက်ခံရပြီး မွဲချင်းပြီး သေဆုံး သွားသည့် အရက်သမား ...သရဲ၊ တစ္ဆေဘဝရောက်ပြီး ၎င်း နောက်မှ ကပ်လိုက်လာမည့်အရေး တွေးလန့်၍ အရက်ဆိုင်ထဲမှ တစ်စုံတစ်ယောက်ကိုမျှ စကားပြောဆိုခြင်း မပြုတော့ဘဲ အရက် ကောင်တာကို ဦးတည်ပြီးသွားကာ ...

"ဗျို့ ကိုပေါက် ...ကျုပ်ကို အရက်တစ်လုံး လောက် မြန်မြန်ပေးဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ...ကိုပေါက်က ...

"မင်းတို့ကို အဲဒါကြောင့် အရက်မရောင်းချင်တာ၊

အရက်သောက်ဖို့လာရင် ပိုက်ဆံဆိုတာ လုံလုံလောက်လောက် ထည့်လာရတယ်ကွ၊

ငါက အရက်ရောင်းတာ ပိုက်ဆံလိုချင်လို့ ရောင်းတာ၊ အရက်ကို နေ့စဉ် အလှူအတန်းလုပ်နေတာ မဟုတ်ဘူး၊ အလှူလုပ်ချင်မှတော့ မင်းတို့ အရက်သမားတွေကို မလုပ်ဘူး။ ဘုန်းကြီးကျောင်း သွားလှူမယ်"

ဟု ပြောလေ၏။

ထိုစကားကို ကြားရသည့်အခါ ရွှေတိုးမှာ လွန်စွာမှ ဒေါသတွေ အလိပ်လိုက်ထွက်ကာ ...

"ဒီမယ်၊ ဒီမယ် ကိုပေါက်ကြီး ... ခင်ဗျား အရက်သောက်သုံးသူတွေကို မစော်ကားပါနဲ့ဗျာ၊ ခင်ဗျား ကျုပ်တို့လို အရက်သမားတွေ ရှိနေလို့ ချမ်းသာနေတာ မဟုတ်လား။

ခင်ဗျားဆီက အရက်တွေ သောက်ကြလို့

အရက်သမားတစ်ယောက်ပြီးတစ်ယောက် ဖော, ပိန့်, ရှောသွားတာပဲ မဟုတ်လား၊ ပေးစမ်းပါဗျာ ... အရက်တစ်လုံး''

ဟု ပြောလိုက်လေ၏။

ကိုပေါက်သည် ရွှေတိုးပြောသည့်စကားကို အလေး အနက်မထား။ အရက်အကြွေးသောက်သော ရေရောင်းသည့် ကိုစံငြိမ်းကို ပြောဆိုနေ၏။

''ငါ့အရက်ဆိုင်လည်း မင်းတို့ အရက်အကြွေး သောက်လို့ ဆိုင်လည်း ပြုတ်မှ။

မင်းတို့ အရက်သမားတွေလည်း မသာပေါ်မှ။

ငါရင်လည်း သိန်းတစ်ထောင်ထီကြီးပေါက်မှ အေးမှာ ပြီးတော့ ... မိုးပေါက်ကိုနဲ့ညားမှ''

ဟုဆိုကာ ဖျစ်တောက် ဖျစ်တောက် ပြောဆိုလိုက်လေ တော့၏။

''ကျုပ်တို့ အရက်သမားတွေ မသာပေါ်မှာပါ၊ ဒါပေမဲ့ ခင်ဗျား သိန်းတစ်ထောင်ဆုတော့ ပေါက်မယ် မထင်ဘူး။

ခင်မျှားက အရက်သမားတွေကို မသဒ္ဒါတဲ့ လူမျိုး၊ အရှုံးမ ပနှင်းဝေဘောင် ကြုံကိုမှာမဟုတ်ဘူး။

ကဲပါ . . . ကြာပါတယ်၊ ကျုပ်ကို အရက်တစ်လုံး ပေး၊ ပိုက်ဆံကတော့ . . . အကြွေးပဲ"

ဟု ရွှေတိုး ပြောသော်လည်း ကိုပေါက်မှာ အရေးမထား ဘဲ ရေရောင်းသည့် ကိုစံငြိမ်းကို နှစ်ပြားမတန်အောင် ပြောဆိုလို့ နေလေ၏။

"အောင်မာ . . . ခင်မျှားက ကိုစံငြိမ်းကို ပြော သလိုလိုနဲ့ ကျုပ်ကို စောင်းပြောနေတာလား။ ရတယ် . . . ရတယ်၊ ခင်မျှား ကျုပ်ကို အရက်အကြွေး မရောင်းဘူးပေါ့ ဟုတ်လား"

ဟု ရွှေတိုး ပြောဆိုပြီးနောက် . . . ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ လူရွှင်တော် ရှက်တယ်နှင့် စာကလေးတို့ အရက် သောက်နေတာကို တွေ့လိုက်ရလေ၏။

"ဩော် . . . ရှက်တယ်တို့, စာကလေးတို့ အတော်ဟုတ်နေပါလား။ ကာလာတွေတောင် ကိုင် လို့"

ဟု ဆိုကာ ရွှေတိုးသည် ရှက်တယ်တို့ဝိုင်းကို သွားပြီး လျှင် ...

"ဟေ့ရောင် ရှက်တယ် ... ငါ့ကို အရက် တစ်ခွက်လောက် တိုက်စမ်း"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ ...

"ဟာ"

"ဟယ်"

"ဟင်"

ဟုဆိုကာ အသံများ ပေါ်ထွက်လာလေတော့၏။

"ဟေ့ ရဲစိုး, ဒေးကိုတို့ ... ဖယောင်းတိုင်တွေ ဘယ်မှာထားလဲ၊ မီးမြန်မြန်ထွန်းကြစမ်းဟေ့"

ဟု ကိုပေါက်က ၎င်း၏အရက်ဆိုင်မှ စားပွဲထိုးများကို အော်ဟစ်ပြောဆိုလိုက်လေ၏။

မီးပျက်၍ မှောင်နေသည်ကို အခွင့်ကောင်းယူကာ စာ ဂလေးငှဲ့ထားသော အရက်ခွက်ကို ကောက်မော့လိုက်ပြီး ရှက် တယ် ငှဲ့ထားသော အရက်ကို ထပ်မံသောက်လိုက်ပြန်၏။

ထို့နောက် ပုလင်းကို ယူလိုက်ပြီး ဝက်သားလုံးကြော် သုံးလေးခုကို ကောက်ဝါးလိုက်ပြီး ခပ်တည်တည်နှင့် ရွှေတိုး ကိုပေါက်ဆိုင်ထဲမှ ထွက်လာခဲ့လေတော့၏။

အပြင်သို့ရောက်သည့်အခါ ...

♬ ဘာပဲလုပ်ရ ××× လုပ်ရလေ ××× အသက်

များပင်ဆုံး ××× မတုန်လှုပ်ပါလေ ××× သူပဲနိုင်းရဲ

နိုင်းကြည့်လေ ××× မဟာသမုဒ္ဒရာဖြတ်ကာ မောင်

ကိုယ်တိုင်လက်ပစ် ××× ကူး ××× လိုက်မလေ ♬

ဟူသော သီချင်းကို ရွှေတိုး အရက်မူးသံကြီးနှင့် သီဆို လိုက်လေတော့၏။

ရွှေတိုးသည် လူရှင်တော် ရှက်တယ်, စာကလေးတို့ထံမှ နိုးယူလာသော အရက်ကို လမ်းတွင် ပုလင်းလိုက် မော့သောက် လိုက်လေ၏။

ညသည် လွန်စွာမှ ညဉ့်နက်လို့နေ၏။ လမ်းပေါ်၌ ရွှေတိုး တစ်ယောက်တည်း အမူးအသံကြီးနှင့် အသံဖြံကာ ကျယ်လောင် စွာ သီချင်းကို အော်ဟစ်သီဆိုလို့နေလေ၏။

ရွှေတိုးသည်မှာကား ညစဉ် အရက်တွေ မူးလာတိုင်း

ယခုလို သီချင်းတွေ အော်ဟစ်သီဆိုရခြင်းမှာ အကြောင်းတစ်စုံ တစ်ရာ ရှိ၏။

ထိုအကြောင်းမှာ ရွှေတိုးသည် သရဲ တစ္ဆေကို လွန်စွာမှ ကြောက်၍ သီချင်းအော်ဟစ်သီဆိုရခြင်းပင် ဖြစ်လေ၏။

ရွှေတိုး သရဲ တစ္ဆေကို ကြောက်မည့်သည်သာ ကြောက် ရသော်လည်း ၎င်းအား သရဲ တစ္ဆေတို့က တစ်ခါမျှ အခြောက် ခံရခြင်း မရှိချေ။

သရဲ တစ္ဆေကိုလည်း ရွှေတိုး တစ်ကြိမ်မျှ မြင်ဖူး၊ တွေ့ဖူးခြင်းလည်း မရှိ။

သို့သော် ... ရွှေတိုးသည် သရဲ တစ္ဆေတို့ကို ခပ်ငယ် ငယ်ကတည်းက စ၍ ယခုအချိန်အထိ သရဲ တစ္ဆေကို လွန်စွာမှ ကြောက်လန့်လို့နေခြင်းပင် ဖြစ်လေ၏။

♪ ဘီယာလေး xxx မော့မော့ xxx ဆိုင်ကယ်
မောင်းလို့လာ xxx ခေတ်တိုင်ကို ဝင်ကာအောင်း xxx
မြောင်းထဲရောက်ပြီ xxx ချစ်သူရယ် xxx ငိုပါနဲ့ကွယ်
xxx ဖဲတိုင်းလုပ်မယ် xxx အဲဒါမှ မကျေနပ်ရင်
နောက်တစ်ယောက်ထပ်ယူ xxx (မသာအတွက်တော့

xxx တမချဲ့နဲ့ ၂ လှလှပပဖြစ်အောင် xxx ကျော်သူ့ထံကို အမြန်ဖုန်းဆက်ကွယ် xxx ♪

အထက်ပါအတိုင်း ကျော်ဇင်ကိုကို၏သီချင်းဖျက်တစ်ပုဒ်ကို သီဆိုလိုက်သည့် အသံကြောင့် ခွေးတစ်ကောင်သည် ဆွဲဆွဲငင်ငင်အူလိုက်လေတော့၏။

ထိုအခါ ရွှေတိုးမှာ တထိတ်တလန့်ဖြစ်သွားရာ သီချင်းပင် ဆက်မဆိုရဲတော့ချေ။

"အလို ... ခွေးတစ်ကောင် အူလို့ပါလား။ ဟင် ... ဒီအချိန်ဟာ မကောင်းဆိုးဝါးတွေ ပျော်မြူးနေတဲ့ အချိန်ပဲ၊ ဒါကြောင့် ခွေးအူတာ"

ဟု ရွှေတိုး တွေးမိလိုက်လေ၏။

ထို့နောက် ကြောက်ကြောက်လန့်လန့်နှင့်ပင် ...

♪ ပြော် xxx မောင်တို့အညာမှာ xxx တမာပင်တန်းတွေနဲ့ xxx ထန်းပင်ထန်းတော xxx လွမ်းမောစရာပဲ သန်လျင်သူရယ် xxx သန်လျင်သူရယ် xxx ♪

ဟု ထပ်မံသီချင်းဆိုလိုက်သည့်အခါ ခွေးတစ်ကောင်မှ

သည့် နောက်ထပ်တစ်ကောင်။ နောက်ထပ်တစ်ကောင်နှင့် ခွေး များ ဝိုင်းအုံကြသဖြင့် အရပ်ပျက်မည်လားဟုပင် ထင်ရလေတော့ ၏။

"ဟင် ... ကားတိုက်လို့ သေသွားတဲ့ အရက် သမား သရဲ တစ္ဆေဖြစ်သွားတာကို မြင်ရလို့ ခွေးတွေ အူတာများလား"

ဟု ရွှေတိုး တွေးတောမိရင် တထိတ်တလန့် ဖြစ်လို့နေ လေတော့သတည်း။

❑❑❑

အခန်း (၃)

"ကြောက်ဘူးကွ …
မကြောက်ဘူး"

ဟု ရွှေတိုး အားတင်း၍ အော်ဟစ်လိုက်သော်လည်း စိတ်ထဲက လွန်စွာမှ ကြောက်လန့်လို့နေလေတော့၏။

ငါးဆူဘုရားထိပ်သို့ရောက်သည့်အခါ ရွှေတိုးမှာ လွန်စွာမှ ကြောက်စိတ်များ ထပ်မံဝင်ရောက်လာပြန်၏။

အဘယ်ကြောင့်ဆိုသော် …ဘုရားငါးဆူအနားတွင်

နှစ်ပေါင်းများစွာ ကြာရှည်သော လွန်စွာမှ သက်တမ်းရင့်သည့် ကညင်ပင်ကြီးတစ်ပင် ရှိလေ၏။

> ထိုအပင်ကြီးမှာ နာဂစ်လေမုန်တိုင်းတိုက်၍ ပြိုလဲသွားပြီ ဖြစ်လေတော့၏။
>
> စာရေးသူ

ထိုကညင်ပင်ကြီးသည် လွန်စွာမှလည်း သရဲခြောက်သည်ဟု ကြားဖူး၏။

သို့သော် ရွှေဝိုးကိုယ်တိုင်ပင် တစ်ကြိမ်တစ်ခါမျှ အခြောက်မခံရဘူးသော်လည်း အသံကြားရုံနှင့်ပင် နဂိုကတည်းက သရဲ တစ္ဆေဆိုလျှင် ကြောက်တတ်သူဖြစ်၍ ကညင်ပင်ကြီးအနားမှ ဖြတ်သွားရမှာကို ရွှေဝိုး၏စိတ်မှာ ကသိကအောက်ဖြစ်လို့နေလေတော့၏။

တစ်ခါက ထိုကညင်ပင်အောက်တွင် ဖိုးဇော်ဆိုသူ သရဲခြောက်ခံရဖူး၏။

ဖိုးဇော် အခြောက်ခံရသောသရဲမှာ သရဲမဖြစ်ပြီး

အသက် (၁၈) နှစ်ခန့်မျှသာ ရှိသေးသော လွန်စွာမှ ချောမောလှပ သည့် မိန်းကလေးတစ်ယောက်ဖြစ်လေ၏။

တစ်ညသ၌ ဖိုးဇော်သည် အောက်ကျင်းရှိ အသုဘအိမ်မှ ဖဲရိုက်ပြီး ပြန်လာရာ ကညင်ပင်ကြီးအောက်တွင် မိန်းကလေးတစ်ဦးက ဖိုးဇော်အား လက်ယပ်ခေါ်၏။ ဖိုးဇော်မှာလည်း ထိုကိစ္စကို လွန်စွာမှ ဝါသနာပါသူဖြစ်သည့်အတွက်

"အလို ... စားရက်ကြုံလို့ ပျားဆွဲမုတ်ဆိတ် တာပဲ၊ အဲလေ ... မုတ်ဆိတ်ပျားဆွဲတာပဲ ... ဟီး"

ဟု ဆိုကာ ဝမ်းသာလုံးဆို့ကာ ထိုမိန်းကလေးလက်ယပ်ခေါ်ရာသို့ သွားလေတော့၏။

အနားသို့ရောက်သည့်အခါ မိန်းကလေးက ဖိုးဇော်အား

"အစ်ကိုကြီး ညီမလေးနဲ့ မပျော်ချင်ဘူးလား"

ဟု မထင်မှတ်သည့်စကားကို ကြားလိုက်ရသည့်အခါ ဖိုးဇော်မှာ ငုတ်တုတ်မေ့သွားလေတော့၏။

ထို့နောက် ဖိုးဇော်က ထိုမိန်းကလေး၏ဖောင်းဖောင်းအိအိလက်ကလေးကို ဆုပ်ကိုင်လိုက်လေတော့၏။

ထိုအခါ မိန်းကလေးမှာ ရှက်သွေးဖြာ၍ ခေါင်းငုံ့ထား

လိုက်လေ၏။

"ညီမလေးရယ် ... ခေါင်းလေးမော့လိုက်ပါဦး ကွယ်"

ဟု ဖိုးဇော်က ပြောလိုက်သည့်အခါ ထိုမိန်းကလေးမှာ သူမ၏ခေါင်းကို တဖြည်းဖြည်းချင်း မော့လိုက်ရာ ထိုမိန်းကလေး ၏မျက်နှာမှာ လွန်စွာမှ ကြောက်စရာ လန့်စရာကောင်းသော လင်းကွင်းလောက်ရှိမည့် မျက်လုံး (၂) လုံး။ သွားများမှာလည်း ကျိုးတိုးကျဲတဲ၊ ပါးစပ်ထဲမှ လျှာကြီးမှာလည်း (၂) ပေခန့် ထွက်လာ၏။

ဖိုးဇော်မှာ လွန်စွာမှ တထိတ်တလန့်ဖြစ်ပြီးလျှင် ...

"သရဲ ... သရဲ ... သရဲမ ... သရဲမ"

ဟု ဆိုကာ အော်ဟစ်ပြီး ကညင်ပင်ကြီးအောက်မှ ပြေး ထွက်လာခဲ့ရလေတော့၏။

ဖိုးဇော်မှာလည်း သရဲမနှင့်တွေ့ခဲ့ရပြီးနောက် ကြောက် ဖျားဖျားကာ ဆေးအတော် ကုလိုက်ရလေတော့၏။

အချို့ကလည်း ဖိုးဇော် သရဲမ ခြောက်လွှတ်တာ မဟုတ်ပါဘူးဟု ဆိုကြ၏။

အချို့ကမူ ကညင်ပင်ကြီးတွင် သရဲမရှိသည်ဟု ဆိုကြ၏။

ဟုတ်သည်။ မဟုတ်သည်မသိ။ ရွှေတိုးကဖြင့် ၎င်း၏ စိတ်ထဲတွင် စွဲလမ်းမှုတစ်ခုဖြင့် ကြောက်လန့်၍နေသည်မှာ အမှန်ပင် ဖြစ်လေ၏။

"ဟေ့ရောင် ရွှေတိုး ...မင်း ကြားပြီးသွားပြီလား"

ဟု တာတီးက မေးလိုက်ရာ ရွှေတိုးက ...

"ဟေ့ရောင် ...အရင်းမရှိ အဖျားမရှိ ငါက ဘာကိုကြားရမှာလဲ"

ဟု ဆိုကာ အရက်ကို ကောက်မော့လိုက်လေ၏။

"ဟုတ်သားပဲကွာ ...တာတီးကလည်း ရွှေတိုးနားရှင်းအောင် ပြောမှပေါ့ကွာ၊ ဒီမယ် ရွှေတိုးရေ ...တာတီးပြောမယ့်အကြောင်းအရာကို ငါပဲ ဆက်ပြောပါ့မယ်"

ဟု ဆိုကာ ကိုမျိုးက ပြောပြီး အရက်ကို မော့သောက်လိုက်ပြန်၏။

နှုတ်ခမ်းတွင် ဝေးနေသော အရက်စ၊ အရက်နများကို လက်ဖဝါးဖြင့် သုတ်လိုက်ပြီး အာလူးကြော်တစ်ခုကို ကောက်ဝါးလိုက်ပြီး မီးသေနေသော ရွှေပတ်ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ကာ မီးခိုးများအပေါ်သို့ မှုတ်ထုတ်လိုက်လေ၏။

ထို့နောက် ...

"ဒီလိုကွ ... ဒီလိုရွှေတိုးရ ... မင်း ဆိုင်ကယ်ကယ်ရီဆွဲတဲ့ ကျော်မိုးကို သိတယ်မဟုတ်လား"

ဟု ကိုမျိုးက မေးလိုက်ရာ ရွှေတိုးမှာ စိတ်ဝင်စားမှု တစ်စုံတစ်ရာမပြဘဲ ...

"သိသားပဲ ... အဲဒါဘာဖြစ်လဲ"

ဟု ပေါ့ပေါ့တန်တန် ပြောလိုက်လေ၏။

"အဲဒီကယ်ရီဆွဲတဲ့ ကျော်မိုး ညက သရဲအခြောက်ခံရလို့ကွ"

ဟု ကိုမျိုး ပြောလိုက်သည့်စကားကြောင့် ရွှေတိုးမှာ

"ဟေ ... ဟုတ်လား။ ဘယ် ... ဘယ်နားမှာလဲ"

ဟုဆိုကာ တထိတ်တလန့်နှင့် မေးလိုက်လေ၏။

"ကညင်ပင်ကြီးအနားမှာ"

ဟု တာတီးက မင်ရောက်ပြောလိုက်ရာ ကိုမျိုးက ...

"ဟုတ်တယ် ရွှေတိုးရေ ...ဟုတ်တယ်ကွ၊ ဆိုင်ကယ်ကယ်ရီသမား ကျော်မိုးကို ခြောက်တဲ့သရဲက သရဲမ, သရဲမဆိုပဲ"

ဟု ပြောလိုက်ရာ ရွှေတိုးမှာ ကြက်သီးများပင် ထသွားလေ၏။

ထိုညက လမိုက်ညဖြစ်၏။ မှောင်သည်မှာ အတော့်ကို မှောင်မည်းလို့နေ၏။

အချိန်သည်ကား ည (၁၂) နာရီဝန်းကျင်ခန့် ဆိုင်ကယ်ကယ်ရီသမား ကျော်မိုးဆိုသူသည် ဘောလုံးပွဲ TV မှ ကြည့်ပြီးပြန်လာသည့်အခါ ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန်လေး မောင်းလို့လာခဲ့လေ၏။

ကညင်ပင်ကြီးအနားသို့ မရောက်တရောက် တစ်နေရာတွင် ဆိုင်ကယ်၏ရှေ့မီးလုံးအလင်းရောင်ဖြင့် ရှေ့တွင် ကျောပေး၍ လမ်းလျှောက်သွားသော ဆံပင်ရှည်ရှည် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ကျော်မိုးက ဆိုင်ကယ်ဟွန်းကို

တီးလိုက်ရာ …

"တီ …တီ …တီ"

ထိုအမျိုးသမီးမှာ ကျော်မိုး၏ဟွန်းတီးသံကို ဂရုမထား။ လှည့်ပင်မကြည့်။ ထို့ကြောင့် ကျော်မိုးက အဆက်မပြတ်တီး၍ အမျိုးသမီးအနားသို့ ဆိုင်ကယ်ကို ကပ်သွားရင်း …

"ညီမလေး …ဘယ်သွားမလို့လဲ၊ အစ်ကိုကြီး လိုက်ပို့ပေးမယ်လေ၊ ပိုက်ဆံပေးစရာမလိုပါဘူးကွယ်။ မေတ္တာ၊ စေတနာထားပြီး လိုက်ပို့ပေးချင်လို့ပါ၊ ပြီးတော့သာ ညီမလေးက …ဟဲ …ဟဲ …ဟီ"

ဟု ပြောလိုက်လေ၏။

ထိုအမျိုးသမီးမှာ ကျော်မိုးဘက်သို့ မျက်နှာလှည့်လိုက်သည့်အခါ ထိုအမျိုးသမီး၏မျက်နှာမှာ မျက်လုံးမပါ၊ နှာခေါင်းမပါ၊ ပါးစပ်လုံးဝမပါဘဲ မျက်နှာမှာ ပြောင်ချောပြီး မျက်နှာပြောင် မျက်နှာမရှိသော သရဲမတစ်ကောင်ဖြစ်လို့နေသည့်အတွက် ကျော်မိုးမှာ …

"အမယ်လေး …မျက်နှာမရှိတဲ့ သရဲမကြီး ပါဗျ"

ဟု ဆိုကာ ဆိုင်ကယ်ကိုထား၍ ကိုယ်လွတ်ထွက်ပြေး လေတော့၏။

"ကျော်စိုးအဖြစ်က ဒါပဲကွ ... ရွှေတိုးရ"

ဟု တာတီးက ပြောလိုက်ပြီး လက်ကျန်ခွက်ကို ရေ အနည်းငယ်မျှထည့်၍ မော့သောက်လိုက်လေ၏။

ရွှေတိုးမှာ လွန်စွာမှ ကြောက်လန့်နေ၍ ၎င်း၏မျက်နှာ ပင် ဆီးရွက်လောက်ပင် ရှိလို့နေ၏။

"ငါ ... ငါ ... မင်းတို့နှစ်ယောက်ကို အရက် တိုက်ပါ့မယ်၊ ပြီးရင်တော့ ... ငါ့ကို အိမ်လိုက်ပို့ပေး ကြပါနော်"

ဟု ရွှေတိုးက တာတီးနှင့်ကိုမိုးတို့အား တောင်းတောင်း ဟန်ပန်နှင့် ပြောရရှာလေ၏။

> တာတီးနှင့်ကိုမျိုးတို့သည် သရဲကြောက်တတ်သော ရွှေတိုးအား ကျော်မိုး သရဲခြောက်ခံရသည်ဟု လုပ်ကြံပြောကာ အရက်ညာဖြီး သောက်ကြသည်ကို ရွှေတိုးတစ်ယောက် မသိရှာချေ။
>
> စာရေးသူ

"တောက် ... အရေးထဲ တာတီးနဲ့ကိုမျိုးတို့က လည်း ဘယ်ရောက်နေကြလဲ မသိဘူး။

သူတို့ပြောတဲ့ သရဲမမျက်နှာမပါတဲ့ သရဲမများ အခုနေ ငါ့ကိုလာပြီး ခြောက်မှဖြင့်"

ဟု ရွှေတိုးမှာ လွန်စွာမှ ကြောက်လန့်လို့နေလေတော့ ၏။

"အူ ...အူ"

ဟု ခွေးမည်းကြီးတစ်ကောင် ဆွဲဆွဲငင်ငင်အူလိုက်သည့်အခါ ကညင်ပင်ကြီးပေါ်က လွန်စွာမှ ရှည်လျားသော မည်းမည်းသဏ္ဌာန်တစ်ခုကို ရှေ့တိုး တွေ့လိုက်ရာ ...

❑❑❑

အခန်း (၅)

**ဟာ** မည်းမည်းကြီး ...
မည်းမည်းကြီး ...

ဟု ဆိုကာ ရွှေဝိုး လွန်စွာမှ လန့်ဖျပ်ကာ မျက်နှာလွှဲ
သွားလိုက်လေ၏။

တထိတ်တလန့်ဖြစ်နေသော်လည်း ထိုမည်းမည်း
သဏ္ဌာန်ကို ကြည့်ချင်လိုစိတ် ဖြစ်ပေါ်လာပြန်၏။

ထို့ကြောင့် မရဲတရဲနှင့် ကြည့်လိုက်သည့်အခါ ...

"ဟာ ... ဟင်း ... ငါက သရဲမှတ်လို့ လက်စ သတ်တော့ မနှင်းဝေကိုး၊ ငါကတော့ ကြောက်လိုက် ရတာ"

ဟု ရွှေတိုးတစ်ယောက်တည်း ရေရွတ်လိုက်လေ မနှင်းဝေဆိုသည်မှာ စိတ်ဝေဒနာရှင် အမျိုးသမီးကြ တစ်ဦး ဖြစ်၏။ သန်လျင်မြို့အစွန် လက်ယက်စမ်းကျေးရွာတွ နေ့ညမရွေး သွားလာတတ်ပြီး ရင်းနှင့် ရင်းနှီးသူများထံမှ မုန့်မ လက်ဖက်ရည်ဖိုးများ တောင်းတတ်၏။

ယခုမူ မနှင်းဝေမှာ လွန်စွာမှ သရဲခြောက်သည် သတင်းကြီးနေသော ကညင်ပင်ကြီးအနားမှာ အပေါ့အပါးသွား ပြီးလျှင် ပြန်ထွက်လာသည်ကို ရွှေတိုးကာ သရဲမအမှတ်နှ ကြောက်စိတ်များ ဖြစ်ပေါ်လာရခြင်း ဖြစ်လေတော့၏။

ရွှေတိုးကြောက်စိတ်များ လွင့်ပြယ်သွားပြီးနောက် အ ပင် ပြေသွားသလို ခံစားလိုက်ရပြီး အရက်ထပ်မံသောက်ခ စိတ်များ ပြန်ဖြစ်ပေါ်လာ၏။

ထို့နောက် ရွှေတိုးသည် ...

"အင်း ... အချိန်ကလည်း မနည်းတော့ဘူး။

ဗိုက်ကလည်း ဆာလာပြီ၊ အရက်ကလည်း သောက်ချင်နေသေးတယ်။

ဒီနားမှာ အရက် ဘယ်ကများ ရနိုင်မလဲ မသိဘူး။

ဟာ …ဟုတ်ပြီ၊ အမေနေကောင်း သားဆုတောင်း မေးပါ၊ ငွေတစ်သောင်းဆိုတဲ့ အငယ်လေးထံ သွားရမယ်''

ဟု ရွှေတိုး တွေးမိ၏။ အငယ်လေးဆိုသည်မှာလည်း ရွှေတိုးနှင့်သောက်ဖော်သောက်ဖက် ယမကာလုလင်များ ဖြစ်ကြ၏။

''အခုနေဆို အငယ်လေး အိပ်ပျော်လောက်ပြီ၊ သူ့ဆီမှာတော့ လက်ကျန်တော့ ရှိမယ်၊ ဒီကောင့်ကို နှိုးပြီးတော့ အရက်တောင်းသောက်ရမှာပဲ''

ဟု ဆိုကာ ရွှေတိုး အငယ်လေးအိမ်ဘက်သို့ ထွက်လာခဲ့ရလေတော့၏။

အငယ်လေး အိမ်နားမရောက်ခင် ခွေးတစ်ကောင်သည် ရွှေတိုးအား မြင်လိုက်သည်နှင့် သဲကြီးမဲကြီး ထိုးဟောင်လိုက်

ပြီးလျှင် ဆွဲဆွဲငင်ငင်အူလေတော့၏။

"ခွေးမသားခွေး"

ဟု ဆိုကာ ရွှေဝိုး ကျောက်ခဲတစ်လုံးနှင့် ပစ်ပေါက်လိုက်လေ၏။

ထိုအခါ ခွေးတစ်ကောင်မှသည့် နောက်ထပ်ခွေးများလေးငါးခြောက်ကောင် အူကြကုန်လေရာ ...

"အင်း ... ကားတိုက်လို့ သေသွားတဲ့ အရက်သမားများ ငါ့နောက်ကို ကပ်ပြီး အရက်သောက်ချင်လို့ လိုက်လာသလားမသိဘူး။

ဒါကြောင့်များ ခွေးတွေ အူတာဖြစ်နိုင်တယ်"

ဟု တွေးတောရင် ကြောက်စိတ်များ ဝင်ရောက်လာလေတော့၏။

တစ်လမ်းလုံးမှာလည်း ရွှေဝိုးတစ်ယောက်တည်း ထိုအချိန်၌ ခွေးတစ်ကောင်မှာ ရွှေဝိုးအား မြင်လိုက်သည်နှင့်အူလိုက်ပြန်၏။

"ဟာ ... ဒီခွေးမျိုး သေပေတော့"

ဟု ဆိုကာ ကျောက်ခဲတစ်လုံးနှင့် ပစ်ပေါက်လိုက်ရာ

ခွေးကိုမထိဘဲ အိပ်တစ်အိပ်ကို ထိမှန်သွားလေတော့၏။

"ဒေါင်"

ထိုအခါ အိမ်ထဲမှ …

"ဘယ်ကောင်စုတ်တွေ ပစ်တာလဲကွ"

ဟု ဆဲလိုက်လေ၏။

"ငါပဲကွ … ရွှေတိုးကွ၊ မိုက်ရင် ထွက်ခဲ့"

ဟု ပြောလိုက်ရာ နောက်ထပ် အသံထွက်မလာတော့ချေ။ အဘယ်ကြောင့်ဆိုသော် ရွှေတိုးဆိုလျှင် လူတိုင်းက ကြောက်ကြ၏။

ယခုလည်း အိမ်ထဲမှ ဆဲလိုက်သည်ကို ရွှေတိုးက ပြန်လည်ဆဲဆို စိန်ခေါ်လိုက်ရာ အိမ်ထဲက လူမှာ တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ တိတ်ဆိတ်လို့သွားလေတော့၏။

"ဟား … ဟား … ရွှေတိုးကို လာစမ်းလို့ရမယ်ထင်လား။ ခွေးမသားတွေ သေသွားမယ်"

ဟု ရွှေတိုး ပြောဆိုအော်ဟစ်လိုက်လေ၏။

ရွှေဟောဇီလက်ဖက်ရည်ဆိုင်ရှေ့ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ကိုကျော်နှင့်လုံးလုံးတို့ အရက်ထိုင်သောက်နေကြသည်ကို

ရွှေတိုး တွေ့လိုက်ရာ လွန်စွာမှ ဝမ်းသာသွားလေတော့၏။

"အင်း ... ဒီနှစ်ကောင် အရက်သောက်နေတာ ငါ သွားလို့မဖြစ်သေးဘူး။ အခြေအနေ ကြည့်လိုက်ဦးမှ"

ဟု ဆိုကာ ရွှေတိုး မှောင်ရိပ်တစ်ခုကို ဝင်၍ သရက်ပင် ပင်စည်တွင် ကပ်လျက် နေလိုက်လေ၏။

ထိုအချိန်၌ ...

"ဟော့ ... ရေကုန်သွားပြီ၊ ငါ ရေသွားခပ်လိုက်ဦးမယ်"

ဟု ပြောပြီး ကိုကျော်က ရေဖလားကိုင်ကာ ထွက်သွားသည်နှင့် လုံးလုံးမှာလည်း ကိုရှည်ကြီးတို့ခြံထောင့်တွင် အပေါ့သွားလေ၏။

ထိုအခါ ရွှေတိုးမှာ ဆိုင်ကာယ်ကာယ်ရိုက်တ်သို့ဝင်ကာ ငှဲ့ပြီးသား အရက် (၂) ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မှော့သောက်လိုက်လေ၏။

ထို့နောက် ပုလင်းထဲမှ အရက်များကို ဖန်ခွက်ထဲသို့ အပြည့်လောင်းထည့်ပြီး ထပ်မှော့လိုက်လေ၏။

အရက်ခွက်ကို ပြန်ချလိုက်ပြီး ထမင်းဖလုံထဲ၌ ထမင်းနှင့်ဝက်သားဟင်းကို တွေ့လိုက်ရာ ရွှေတိုးမှာ အငမ်းမရ မြိန်ယှက်စွာ ပလုတ်ပလောင်း စားလိုက်ရာ တစ်ဝက်ကျိုးသွားလေတော့၏။ ထိုအခါ လူရိပ်တစ်ခုမြင်ရာ ရွှေတိုးမှာ ကယ်ရီဂိတ်နောက်က သစ်ပင်တွင် ဝင်ပုန်းနေ၏။

ထိုအချိန်၌ ကိုကျော် ရေချပ်ပြီး ကယ်ရီဂိတ်သို့ ပြန်လာပြီးလျှင် ငှဲထားသော ဖန်ခွက်ထဲမှ အရက်ကို သောက်မည်ဟု ကောက်ကိုင်လိုက်သည့်အခါ အရက်မှာ တစ်စက်မှမရှိတော့သဖြင့် ...

"ဟော့ရောင် လုံးလုံး ... ဖန်ခွက်ထဲမှာ အရက်တွေ မရှိတော့ပါလားကွ"

ဟု အော်ပြောလိုက်လေတော့၏။

ချုံထဲမှ ထွက်လာပြီး လုံးလုံး ဆိုင်ကယ်ကယ်ရီဂိတ်သို့ ပြန်ရောက်လာကာ ...

"ဟာ ... ငါ့ခွက်ထဲမှာလည်း အရက်တွေ မရှိတော့ဘူး ကိုကျော်၊ ခင်ဗျား သောက်လိုက်လား"

ဟု လုံးလုံးက မေးလိုက်လေ၏။

"ဘဘကွ . . . ငါသောက်ရေ သွားခပ်ရာက ပြန်လာတော့ ငါ့ခွက်ထဲမှာလည်း အရက်တွေ မရှိတော့ဘူး"

ဟု ကိုကျော်က ပြောလိုက်ရာ . . .

"ကျွန်တော်လည်း ဘယ်သိမှာလဲ၊ ခင်ဗျားရေသွားခပ်တော့ ကျွန်တော်ကလည်း အလေးသွားနေတာ"

ဟု သူရကလည်း ပြန်ပြောလိုက်လေ၏။

ထို့နောက် ကိုကျော်သည် အရက်ပုလင်းကို ကောက်ကိုင်လိုက်သည့်အခါ . . .

"အလိုလေးဗျာ . . . ပုလင်းထဲမှာလည်း အရက်တွေ လျော့နေပါလား"

ဟု တအံ့တသြ ပြောလိုက်လေ၏။

ထိုအခါ လုံးလုံးကလည်း ထမင်းဇလုံကို အမှတ်တမဲ့ ကြည့်လိုက်ရာ . . .

"ဟာ . . . ထမင်းတွေရော၊ ဝက်သားဟင်းတွေ မရှိတော့ပါလားဗျ"

ဟု အံ့ဩစွာဖြင့် ပြောလိုက်ပြန်၏။

"အရက်တွေရော၊ ထမင်းတွေရော ... မင်း ရော၊ ငါရော မစားဘူး။ မသောက်ဘူးဆိုတော့ ဘယ် သူများ ဝင်စားသွားလဲ မသိဘူး"

ဟု ကိုကျော်က ပြောလိုက်ရာ ...

"အင်း ... ဒါဆိုရင် သရဲ၊ တစ္ဆေများ ဝင်စား သွားသလား မသိဘူး"

ဟု လုံးလုံးက တထိတ်တလန့်နှင့် ပြောလိုက်လေ၏။

ဆိုင်ကယ်ကယ်ရီကိတ်နောက်က သစ်ပင်တွင် ပုန်းနေ သော ရွှေတိုးမှာ ကိုကျော်နှင့်လုံးလုံးတို့ ပြောနေကြသည့် စကား ကြောင့် အတွေးတစ်ခုဝင်ကာ ကျောက်ခဲတစ်လုံးကို ကောက်ကိုင် ပြီး ကယ်ရီကိတ်ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်ရာ ...

"ဒုန်း"

"အမယ်လေးဗျ"

ဟု လုံးလုံးက လန့်ပြီးအော်လိုက်လေ၏။

"ဟာကွာ ... လုံးလုံးကလည်း အရေးထဲ ကြောက်နေရသေးတယ်"

ဟု ပြောလိုက်စဉ် ရွှေတိုးက ကျောက်ခဲတစ်လုံးဖြင့် ကိုကျော့်အနီးရှိ တိုင်ကို ပစ်ပေါက်ရာ ...

"အမယ်လေး"

ဟု ကိုကျော်ကလည်း လန့်ဖျပ်ပြီး လုံးလုံးကို ဖက်လိုက်သည့်အတွက် ရွှေတိုးမှာ ရယ်ချင်စိတ်ပေါ်လာကာ ...

"ဟား ... ဟား ... ဟား"

ဟုဆိုကာ ရယ်လိုက်သည့်အသံ ကျယ်လောင်စွာ ထွက်ပေါ်လာတော့၏။

ထိုအခါ ကိုကျော်နှင့်လုံးလုံးတို့မှာ ...

"ဟာ"

"သရဲနဲ့တူတယ်"

"ဟုတ်ပါပြီ ... ငါတို့ သောက်မယ့်အရက်တွေကို သရဲ ခိုးသောက်တာဖြစ်ရမယ်"

ဟုဆိုကာ ၎င်းတို့ (၂) ဦး လွှန်စွာမှ တထိတ်တလန့်ဖြစ်လို့နေကြစဉ် ...

"ဝူး ... ဝူး ... ဟား ... ဟား"

ဟု အမှောင်ထဲကပင် ရွှေတိုးသည် ပုဆိုးခြုံ၍ ခြောက်

လန့်လိုက်လေတော့၏။

"အောင်မယ်လေးဗျ ... သရဲ ... သရဲ"

ဟု ဆိုကာ ကယ်ရီဂိတ်မှ ကိုကျော်နှင့်လုံးလုံးတို့ ထွက်ပြေးကြလေတော့၏။

ထိုအခါ ရွှေတိုးမှာ ရယ်မောစွာ ၎င်းတို့ ကျန်ရစ်ခဲ့သော အရက်နှင့် ထမင်း၊ ဝက်သားဟင်းတို့ကို မြိန်ယှက်စွာ သောက်စားလို့နေလေတော့၏။

ထိုအချိန်၌ ...

"ဒုန်း ... ဒုန်း"

ဟူသော အသံကြောင့် ရွှေတိုးမှာ ...

"အမယ်လေး ... သရဲ ... သရဲ"

ဟု လွှန်စွာမှ ကြောက်လန့်ကာ အသည်းငယ်စွာ အော်လိုက်လေတော့သတည်း။

❑❑❑

## အခန်း (၉)

သရဲ အထင်အမှတ်နှင့် ရွှေတိုး ထွက်ပြေးဘော်လည်း အမှန်မှာ သရဲ မဟုတ်ချေ။

သစ်ကိုင်းခြောက်တစ်ကိုင်း ဆိုင်ကယ်ကယ်ရီဂိတ်ခေါင်မိုးပေါ်သို့ ပြုတ်ကျသည့် အသံပင် ဖြစ်လေ၏။

တစ်စုံတစ်ရာကို မစဉ်းစားဘဲ အသံကြားလိုက်သည်နှင့် သရဲထင်မှတ်ကာ ကြောက်စိတ်ဖြင့် ထွက်ပြေးလေတော့၏။

ရွှေတိုးထွက်ပြေးသည့်အခါ ခွေးများမှာ အူကြလေရာ လွန်စွာမှ စိတ်ချောက်ချားဖွယ်ရာ ဖြစ်ကုန်၏။

ရွှေတိုးလည်း တထိတ်တလန့်ဖြစ်ကာ အူနေသော ခွေးများကို ဆဲဆိုပြီး ကျောက်ခဲများနှင့် ပစ်ပေါက်သော်လည်း အူနေသော ခွေးများမှာ ရပ်တန့်မသွားဘဲ ဆက်လက်အူလို့နေကြကုန်၏။

ရွှေတိုးသည် ဆက်လက်အူနေသော ခွေးများကို ကျောက်ခဲများဖြင့် ပစ်ပေါက်ပြီး လွန်စွာမှ ဟောင်းနွမ်းလျက်ရှိသော ဂျူးလူမျိုးများ နေထိုင်ခဲ့သည့် တိုက်ပျက်ကြီးဆီသို့ ရောက်ခဲ့လေ၏။

ထိုတိုက်ပျက်ကြီးသည်ကား ရွှေတိုး အရက်မူးလာတိုင်း အိပ်လေ့ရှိသော အိမ်ဂေဟာကြီးတစ်ခုပင် ဖြစ်လေ၏။

ရွှေတိုး တိုက်ပျက်ကြီးထဲသို့ ရောက်လာသည့်အခါ လုံခြုံစိတ်ချရသွားသဖြင့် ရွှေတိုးမှာ မည်သည့်အရာကိုမှ ဂရုမစိုက်တော့ဘဲ တစ်နေ့ညက သောက်လက်စဆေးပေါ့လိပ်အတိုကို တန်းပေါ်မှယူကာ သစ်သားမီးခြစ်ဖြင့် ခြစ်ကာ ဆေးပေါ့လိပ်ကို မီးတို့ရှိုက်ဖွာလိုက်လေ၏။

ထိုစဉ် ...

"အမယ်လေးဗျ"

ဟု အော်သံကြားရသဖြင့် ရွှေတိုးလည်း ကြောက်လန့်သွားပြီး ကြည့်လိုက်ရာ တစ်စုံတစ်ယောက် ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် ရွှေတိုး ထ,ကြည့်လိုက်ရာ ...

"အငယ်လေး"

ဟု ရေရွတ်လိုက်လေ၏။

အငယ်လေးဆိုသူသည် ရွှေတိုးလိုပင် ယမကာလုလင်တစ်ယောက်။ ပေါက်လို့ပဲစား။ ကြုံရာအိပ်။ ကြုံရာစား။ မိဘများက စွန့်ပစ်ထားသူတစ်ယောက် ဖြစ်လေ၏။

အငယ်လေးဆိုသူလည်း ရွှေတိုးအိပ်သော ဂျူးတိုက်ပျက်ကြီးတွင် အိပ်လေ့ရှိသူ။ ရွှေတိုးနှင့် သောက်ဖော်သောက်ဖက်၊ အိပ်ဖော်၊ အိပ်ဖက်များ ဖြစ်ကြလေ၏။

ထို့အတူ ထိုဂျူးတိုက်ပျက်ကြီးမှာပင် ရဲစိုး၊ မိုလ်ပု၊ ကျော်ဦးတို့သည်လည်း အိပ်ကြသူများ ဖြစ်လေ၏။

ရဲစိုး၊ မိုလ်ပု၊ ကျော်ဦးတို့မှာ ယခုည ဘယ်မှာများ မူးပြီး လဲနေကြသည်မသိ။ အခုအချိန်ထိ တိုက်ပျက်ကြီးထဲသို့

ရောက်မလာကြသေးချေ။

အငယ်လေးမှာလည်း မူးကြောင်၊ ရူးကြောင်နှင့် အော်ဟစ်ကာ ထွက်ပြေးသွားသည်ကို ရွှေတိုး မြင်လိုက်ရပြန်၏။

ထို့နောက် ရွှေတိုးသည် တိုက်ပျက်ကြီးအဝင်ဝတွင် တစ်စုံတစ်ခုကို တွေ့မြင်လိုက်ရပြန်၏။

"ဟာ"

ဟု ရွှေတိုး နှုတ်မှ ထွက်ပေါ်လာပြီးလျှင် ထိုအရာကို ကြည့်လိုက်ရာ ပုလင်းတစ်လုံးနှင့် အထုပ်တစ်ထုပ်ဖြစ်လို့နေလေ၏။

ပုလင်းထဲတွင် အရက်များဖြစ်နေပြီး တစ်ပိုင်းခန့်ရှိ၏။ အထုပ်ကို ဖြေကြည့်လိုက်ရာ လွန်စွာမှ စားချင်စဖွယ်၊ ဝက်သားခေါက်ဆွဲကြော် ဖြစ်လို့နေလေ၏။

"ဒါ ... အငယ်လေး ... ငါ့ကို တွေ့ပြီး ကြောက်လန့်အော်ပြေးသွားလို့ ကျန်ခဲ့တာပဲ ဖြစ်ရမယ်။

အင်း ... ဘာပဲဖြစ်ဖြစ် ဒါတွေဟာ ... ငါ့ရဲ့ စားချင်စဖွယ် ဘောဇဉ်တွေပဲ"

ဟု ဆိုကာ ရွှေတိုး တိုက်ထဲသို့ ပြန်ဝင်ကာ အငယ်လေး ကျန်နေသော အရက်နှင့်ဝက်ခေါက်ဆွဲကြော်ကို မြိန်ယှက်စွာ စားသောက်၍ ဂျူးတိုက်ပျက်ကြီးထဲ၌ ဆက်ရက်မင်းစည်းစိမ်ကျ လို့နေလေတော့၏။

□□□

## အခန်း (၆)

ရွှေတို့သည် မိကောင်းဖခင်သားသမီး တစ်ယောက် ဖြစ်၏။ ကျောင်းပညာကို ဆယ်တန်းအထိ ပညာသင်ကြားခဲ့ဖူးသူတစ်ယောက် ဖြစ်ခဲ့ဖူးလေ၏။

ရွှေတို့ ဆယ်တန်းအောင်သောနှစ်က ပြည့်တန်ဆာမလေးတစ်ယောက်နှင့် ပျော်ပါးရင်းက အပျော် ...အပျော်မှ တစ်ဆင့် အပျက်ဘဝသို့ရောက်ကာ ရွှေတို့သည် ပြည့်တန်ဆာ

မလေး၏ပြုစုမှုကို ရှန်းမထွက်နိုင်တော့သဖြင့် ငြိတွယ်သွားလေ
တော့၏။

ရွှေတိုး၏မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများက ရွှေတိုး
အား စွန့်ပစ်၊ စွန့်လွှတ်ခြင်းကို ခံရပြီးသည့်နောက် ရွှေတိုးသည်
ပြည့်တန်ဆာမလေး၏ဘဝထဲသို့ ရောက်သွားလေတော့၏။

ရွှေတိုးမှာ ဆယ်တန်းအောင်ခဲ့သော်လည်း ပညာရေး
တစ်ပိုင်းတစ်စနှင့် အလုပ်အကိုင်မရှိ၊ ပြည့်တန်ဆာမလေး၏
ကိုယ်ခန္ဓာနှင့် ရင်းနှီး၍ရသောငွေကို စားသောက်ရ၏။

ပြည့်တန်ဆာမလေး၏ပတ်ဝန်းကျင်မှ အသိုင်းအဝိုင်း
သည် သူတော်ကောင်းများ မဟုတ်ကြသည့်အတွက် ရွှေတိုးမှာ
လည်း မူဆိုးနားနည်း မူဆိုး၊ တံငါနားနီး တံငါဘဝသို့ နေ့ချင်း
ညချင်း ကူးပြောင်းကာ အရက်သမားဘဝသို့ ရောက်သွားလေ
တော့၏။

ရွှေတိုး အရက်သမားဘဝသို့ ရောက်သွားသည့်အခါ
ပြည့်တန်ဆာမလေးမှာလည်း ရွှေတိုးအား ကြာရှည်လက်မတွဲ
တော့ဘဲ တခြားတစ်ယောက်ကိုယူ၍ ရွှေတိုးအား ထားရစ်ခဲ့လေ
တော့၏။

ရွှေပဒေသာစာပေ

နောက်ဆုံး သန်လျင်မြို့အစွန် လက်ယက်စမ်းကျေးရွာ၊ ဘုရားငါးဆူတစ်ပိုက်တွင် တစ်ခုလပ် အရက်သမားဘွဲ့ကို ခံယူပြီးလျှင် အရက်သမားတစ်ယောက်ဖြစ်လို့နေလေတော့၏။

ထိုသို့ ရွှေတိုး အရက်သမားဘဝရောက်နေသော်လည်း မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများက တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုးရွှေတိုး ပစ်ရိုးမရှိသည့်အတွက် ရွှေတိုးအား ပြန်၍လက်ခံထားသော်လည်း ရွှေတိုးမှာ အရက်၏ကျေးကျွန်ဘဝသို့ ရောက်နေ၏။

ရွှေတိုးအား မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများက မချစ်မနှစ်သက်သော်လည်း ပေးကမ်းကြရလေ၏။

ရွှေတိုးမှာ 'ရရင်ရ၊ မရလျှင်ချ' ဟူသောစကားအတိုင်း သောက်စားဖို့မရလျှင် ပြဿနာနည်းမျိုးစုံနှင့် ရှာတတ်၏။

ရွှေတိုးသည် မိဘများအိမ်တွင် အိပ်လေ့ နေလေ့ရှိသော်လည်း တစ်ခါတစ်ရံ အရက်အလွန်အကျွံမူးလာပါက ဂျူးတိုက်ပျက်ကြီးတွင် အဖော်အပေါင်းနှင့် အိပ်လေ့ရှိ၏။ အိမ်ကိုလည်း ပြန်ချင်သည့်အခါမှပြန်ပြီး သောက်စရာပိုက်ဆံမရှိလျှင် အိမ်သို့ပြန်ကာ တောင်းလေ့ရှိ၏။

ရွှေတိုးသည် အရက်မူးလာလျှင် ကစ်ယောက်မဟုတ် တစ်ယောက်ယောက်ကိုမှ ပြဿနာရှာတတ်လေ၏။

ထို့ကြောင့် ရွှေတိုးအား အဝေးက ရှောင်ရှားကြကုန်၏။ ထိုအခွင့်အရေးကိုယူကာ ရွှေတိုးမှာ ပိုမို၍ဆိုးသွမ်းလေတော့သတည်း။

❑❑❑

## အခန်း [၇]

သငယ်လေး ကျန်ခဲ့သော ဝက်ခေါက်ဆွဲကြော်နှင့် အရက်တစ်ပိုင်းကို သောက်စားနေစဉ် ...

"မင်း အရင်သွားကွာ"

"ဟာ ... ငါ မသွားရဲဘူး"

"ဒါဆို ... ငါတို့သုံးယောက်စလုံး သွားကြမယ်"

ဟူသော စကားသံတွေကို ကြားလိုက်ရလေတော့၏။

"ဘယ်သူတွေလည်း မသိဘူး"

ဟု ဆိုကာ ပြတင်းပေါက်မှ အပြင်သို့ ရွှေတိုးချောင်းကြည့်လိုက်သည့်အခါ အရိပ်သုံးခုကို အမှောင်ထဲမှ တွေ့လိုက်ရသဖြင့် ရင်ထဲမှ ထိတ်သွားလေ၏။

"လာ ... လာ ... သွားကြမယ်"

ဟု ဆိုသော အသံကြောင့် ရင်ထိတ်နေသော ရွှေတိုးမှာ သက်သာရာ ရသွားလေတော့၏။

"ဩော် ... လက်စသတ်တော့ အငယ်လေး ရဲစိုး၊ ဖိုလ်ပုတို့ကိုး၊ ဒီကောင်တွေ ဘာဖြစ်နေတာလဲ"

ဟု ရွှေတိုး တွေးတောနေစဉ် ...

"ဟော့ရောင် ရဲစိုး ... မင်း ရှေ့က ထွက်သွားလေ"

ဟု ဖိုလ်ပုက ပြောလိုက်လေ၏။

"ဟာ ... ငါ မသွားရဲဘူး"

ဟု ရဲစိုးက ပြောလိုက်ရာ ထိုသုံးဦး တစ်ယောက်ကို တစ်ယောက် အကြောက်အကန် ငြင်းပြီးလျှင် တစ်ယောက်ကို

တစ်ယောက်မှာလည်း တွယ်ကပ်နေကြသည်ကို ပြတင်းပေါက်မှ ချောင်းကြည့်နေသော ရွှေတိုးမှာ စဉ်းစားမရ ဖြစ်လို့နေလေ၏။

အငယ်လေး၊ ရဲစိုး၊ ဗိုလ်ပုတို့မှာ ဂျူးတိုက်ပျက်ကြီးထဲသို့ ဝင်ရန် ချိတုံ၊ ချတုံဖြစ်လို့နေကြရာ ရွှေတိုးမှာ ...

"အင်း ... အငယ်လေး ကျန်ရစ်ခဲ့တဲ့ အရက်နဲ့ ခေါက်ဆွဲကြော်ကို သူတို့ ပြန်လာယူတာပဲဖြစ်မယ်"

ဟု ဆိုကာ ရွှေတိုး သဘောပေါက်လိုက်လေတော့၏။

"ဗိုလ်ပု ... မင်းက သတ္တိကောင်းတယ်၊ ရှေ့က သွား"

ဟု အငယ်လေးက ပြောလိုက်သည့်အသံကို ကြားလိုက်ရသည့်အခါ ...

"အင်း ... ဆိုင်ကယ်ကယ်ရီကိတ်မှာ ကိုကျော်နှင့်လုံးလုံးတို့ကို သရဲခြောက်လိုက်သလိုမျိုး ဒီကောင်တွေကိုလည်း သရဲဟန်ဆောင်ပြီး ခြောက်ထုတ်လိုက်မယ်၊ ဒါမှ ... ငါတစ်ယောက်တည်း အဝစား၊ အဝသောက်ရမှာ"

ဟု တွေးပြီး ပုဆိုးကိုခြုံကာ တိုက်ရှေ့သို့ ထွက်၍

ထုံးတိုင်းအခြေအနေကို တံခါး၌ ကွယ်ပြီး အခြေအနေကို စောင့်ကြည့်ပြန်၏။

အငယ်လေးက ဗိုလ်ပုအား သတ္တိရှိသည်ဟု မြှောက်ပေးလိုက်သဖြင့် ဗိုလ်ပုသည် သတ္တိမွေးကာ ရှေ့မှဦးဆောင်၍ ဂူဗူ တိုက်ပျက်သို့ဝင်ရန် လာခဲ့လေတော့၏။

ထိုအချိန်၌ တံခါးကြားမှ ပုန်း၍ ချောင်းကြည့်နေသော ရွှေတိုးမှာ ...

"ဟာဟ ... သတ္တိရှိတဲ့အကောင် စိုးနိုင် ရှေ့ဆုံးက ချီတက်လာပြီ၊ တွေ့ကြသေးတာပေါ့"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ လွန်စွာမှ စိတ်ချောက်ချားဖွယ်ရာကောင်းသည့် ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်လေတော့၏။

ရွှေတိုးလည်း တထိတ်တလန့်ဖြစ်သွား၏။ ရှေ့ဆုံးမှ ချီတက်လာသော ဗိုလ်ပုမှာလည်း ခြေစုံရပ်တန့် တံခါးကြားမှ ပုဆိုးခြုံထားသော ရွှေတိုးမှာ နောက်ထပ်ခွေးများ ဆက်တိုက်အူလိုက်သည့်အတွက် လွန်စွာမှ ကြောက်လန့်ပြီး ...

"အမယ်လေး"

ဟု ဆိုကာ တံခါးကြားမှ ပုဆိုးခြုံ၍ထွက်ကာ အော်လိုက်လေတော့၏။

ထိုအခါ အငယ်လေး၊ ရဲစိုး၊ ဗိုလ်ပုတို့မှာလည်း ...

"သ ... သ ... သရဲ ... သရဲ"

ဟု ဆိုကာ တိုက်ပျက်ထဲသို့ မဝင်တော့ဘဲ ထွက်ပြေးလေတော့၏။

"တိုက် ... သရဲဆိုပါလား"

ဟု အငယ်လေးတို့နောက်ကို ဆက်မလိုက်ရဲတော့ဘဲ တိုက်ပျက်ထဲသို့ ပြန်ဝင်ကာ တိုက်ပျက်ထဲမှ အိပ်နေကျနေရာသို့ ပြေးဝင်ကာ ပုဆိုးကို ခေါင်းမြီးခြုံကာ အသားများ တုန်အောင် ကြောက်လို့နေလေတော့သတည်း။

❑❑❑

## အခန်း (၈)

တောသည် လွန်စွာမှ နက်၏။ ကျားဟိန်းသံပင် ကြားရ၏။ ကျေးငှက်တွန်သံများလည်း ကြားရ၏။

မျောက်လွှဲကျော်တို့၏အသံလည်း ကြားရပြန်၏။ စမ်းချောင်းမှ ရေစီးသံကိုလည်း ကြားရသေး၏။

သစ်ပင်ကြီးများ ရှိသဖြင့် ထိုတောကြီးသည် နေပြောက်

ပင် မထိုးချေ။

အောက်ခြေရှင်းသဖြင့် သွားရလာရခြင်းမှာ လွန်စွာမှ ပင် လွယ်လွယ်ကူကူ ရှိလှ၏။

အမျိုးအမည်မသိသော ရောင်စုံတောပန်းလေးများမှာ လည်း ဟိုမှာ၊ သည်မှာ ပေါက်လို့နေလေ၏။

ထိုတောပန်းတို့သည် တယုတယ စိုက်ပျိုးထားခြင်း မဟုတ်။ အလေ့ကျပေါက်သော တောပန်းလေးတို့ပင် ဖြစ်ကြ ကုန်၏။

စမ်းချောင်းလေးမှ ရေသည် တသွင်သွင် စီးဆင်းလို့နေ ၏။

ထိုစမ်းချောင်းလေး ပတ်ဝန်းကျင်တစ်ဝိုက်တွင် ကျောက် တုံးကြီးများမှာလည်း တစ်လုံးနှင့်တစ်လုံး အရွယ်အစားမတူကြ ဘဲ ရှိလို့နေကြ၏။

ထိုနေရာလေးသည် လွန်စွာမှ အေးမြကြည်လင် လန်း ဆန်းလို့နေလေ၏။

အထက်က ဖော်ပြပါ နေရာသို့ လူတစ်ယောက်သည် ကား ဦးတည်ချက်မရှိဘဲ မည်သို့၊ မည်ပုံရောက်ရှိလာသည်ကိုပင်

ရင်းကိုယ်တိုင် မသိချေ။

ခြေဦးတည့်ရာ မဆုံးနိုင်သည့် ခရီးကို အဖော်မပါ တစ်ကိုယ်တည်း လျှောက်လာလို့နေလေ၏။

တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးကို မြင်လိုက်သည့်အခါ ထိုလူသည် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း တစ်စုံတစ်ခုမှ မခံစားရ၊ ထိုလူ၏တပ်မက်ခြင်းသည်ကား ထိုအရာမဟုတ်။

ထိုလူသည် လွန်စွာမှ အေးမြသော၊ ကြည်လင်နေသော စမ်းချောင်းလေးမှ အေးမြသောရေကို မြင်သည့်အခါ လွန်စွာမှ မွလောင်ခြင်းဝေဒနာကို အလွန်စွာမှ အပြင်းအထန် ခံစားလိုက်ရလေ၏။

ထိုလူ၏တစ်ကိုယ်လုံးမှာလည်း ဇောချွေးများ ထွက်လို့နေသဖြင့် တစ်စုံတစ်ရာကို တမ်းတလို့နေပြန်၏။

ထိုလူသည် ထိုနေရာ၌ တမ်းတဆုံးအရာမရှိနိုင်သဖြင့် ထိုလူ၏မျက်နှာသည် ကြေကွဲဝမ်းနည်းမှုများ ချက်ချင်းဖြစ်ပေါ်လာလေတော့၏။

ထို့နောက် ထိုလူသည်ကား နှုတ်ဖျားမှ တမ်းတသော

အရာကို ထုတ်ဖော်၍ အော်ဟစ်လိုက်သော်လည်း ထိုလူ၏ပါးစပ်မှ တမ်းတသော စကားလုံးများကား ထွက်ပေါ်လာခြင်း မပြုသည့်အတွက် လွန်စွာမှ ဝမ်းနည်းကာ မျက်ဝန်းထဲမှ မျက်ရည်များ စီးကျလာလေ၏။

မြေကြီးပေါ်သို့ ဒူးထောက်လိုက်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ ဆန့်လိုက်ပြီး ခေါင်းကို ကောင်းကင်ပေါ်သို့ မော့လိုက်ပြီးလျှင် ...

"အရက် ... အရက် ... အရက်ပေးပါ၊ အရက်ပေးပါ၊ အရက်သောက်ချင်လို့ပါ၊ အရက်ပေးပါ"

ဟု ဆိုကာ အဆက်မပြတ် အော်လိုက်လေတော့၏၊

ထိုအချိန်၌ အလင်းတန်းကြီးတစ်ခု ထိုလူ၏အနားသို့ ဝင်ရောက်ဖြတ်သန်းလာလေ၏။

ထိုမှတစ်ဆင့် ထိုအလင်းတန်းသည် မီးခိုးလုံးများအဖြစ်သို့ ပြောင်းလဲသွားလေ၏။

ထိုမီးခိုးလုံးများသည် ထိုလူ၏အနီးဆုံးတွင် တလည်လည်နှင့် နေရင်းက တဖြည်းဖြည်းနှင့် မီးခိုးလုံးကြီးများ ပျောက်

ကွယ်သွားရာမှ လွန်စွာမှ ကြီးမားထွားကျိုင်း၍ မီးသွေးကဲ့သို့ မည်းလှသည့် လူကြီးတစ်ယောက်သည် ၎င်းအရပ်ထက် ရှည်လျားသော သံချွန်သုံးခွပါသည့် လှံတစ်ချောင်းကို ကိုင်ထား၏။

၎င်းသည် အပေါ်ပိုင်းအကျႌမရှိ၊ အောက်ပိုင်းတွင် ပုဆိုးကို ခါးတောင်းမြှောင်အောင် ကျိုက်ထားလေ၏။

ထိုလူကြီးက လွန်စွာမှ အရုပ်ဆိုး အကျည်းတန်လှလေ၏။

အရက်တောင်းနေသော ထိုလူသည် အကျည်းတန် အရုပ်ဆိုးသောလူကြီးအား အကြောက်အလန့်မရှိ စိုက်၍ကြည့်လို့နေလေ၏။

ထိုအကျည်းတန်လူကြီးကလည်း ပြန်၍ပင် စိုက်ကြည့်လို့နေပြန်၏။

ထို့နောက် ...

"ကျွန်တော့်ကို အရက်လေးတစ်ခွက်လောက် ပေးပါလား ခင်ဗျာ"

ဟု အရက်တောင်းလေတော့၏။

အရက်တောင်းသော ထိုလူသည်ကား ရွှေတိုးဖြစ်

ကြောင်း စာဖတ်ပရိသတ်များ သိလောက်ပြီထင်၏။

"ဩော် ... မင်းက အခုလိုအချိန်အခါမျိုး ရောက်နေတာတောင် သေရည်ကို တောင်းစားနေ တုန်းပဲကိုး"

ဟု အကျည်းတန် အရုပ်ဆိုးလူကြီးက ရွှေတိုးအား ပြန်ပြောလိုက်လေ၏။

"ကျွန်တော် ... ကျွန်တော့်ကို အရက်နည်း နည်းလောက် တိုက်ပါလား ခင်ဗျာ"

ဟု ရွှေတိုးက ပြောလိုက်ရာ ထိုလူကြီးက ...

"ဟိုမှာ တွေ့လား"

ဟု ရွှေတိုးနှင့် မလှမ်းမကမ်းနေရာသို့ လက်ညှိုးထိုး၍ ရွှေတိုးအား ပြလိုက်လေ၏။

"တွေ့တယ် ... တွေ့တယ်၊ အဲဒါ .. ဘာလဲ"

ဟု ရွှေတိုးက မေးလိုက်ရာ ...

"အဲဒါ ... မင်းတောင်းတနေတဲ့ သေရည်ပဲ"

ထိုလူကြီးက ပြောလိုက်လေ၏။

ထိုအခါ ရွှေတိုးလည်း ဒူးထောက်ထားရာမှ ချက်ချင်း

ထ,ကာ အရက်ရှိရာသို့ လွန်စွာမှ ဝမ်းသာအားရနှင့် သွားလေတော့၏။

ထိုအချိန်၌ ...

"ဒူ ... ဝေ ... ဝေ"

"ဒူ ... ဝေ ... ဝေ"

ဟူသော ကြေးစည်ထုသံ ကြားလိုက်ပြီးလျှင် ရွှေတိုးအိပ်ပျော်နေရာမှ လန့်နိုးသွားလေတော့၏။

□□□

## အခန်း (၉)

"ဒူ …ဝေ …ဓဝ …ဒူ …ဓဝ …ဝေ"

ဟူသော ကြေးစည်သံကို ကြားလိုက်ရသည့်အခါ ရွှေတိုး အိပ်ပျော်နေရာမှ လန့်နိုးကာ ထထိုင်လိုက်လေ၏။

ရွှေတိုး ဂျူးတိုက်ပျက်ကြီးအတွင်းမှာ အိပ်ပျော်နေရင်း အိပ်မက်,မက်နေခြင်းဖြစ်၏။

"အင်း ... ငါ ဒီမှာ အိပ်နေတာ ဘယ်နှစ်ရက် ရှိသွားပြီလဲ မသိဘူး။ အိမ်တောင် မပြန်ဖြစ်ဘူး"

ဟု ဆိုကာ ရွှေတိုး တိုက်ခန်းရဲ့ကို မှိုရင်း စဉ်းစားမိလေ၏။

တိုက်ပျက်ကြီးအတွင်းသို့ အပြင်မှ အလင်းရောင်များဖင် ရောက်နေသည်ကို ရွှေတိုးကြည့်ရင်း ...

"အချိန်တောင် မနည်းတော့ဘူး။ နေ့လယ် (၁၂) နာရီလောက်တော့ ရှိမည်ထင်တယ်၊ အရက်လည်း သောက်ချင်တယ်၊ ဗိုက်ကလည်း ဆာနေပြီ"

ဟု ရွှေတိုး တွေးတောမိ၏။

"အိပ်မက်ထဲက အသားမည်းမည်းလူကြီးက ဘယ်သူများပါလိမ့်၊ ပြီးတော့ ... ငါ အရက်သောက် ချင်တယ်ဆိုတော့ သူက အရက်အိုးရှာကို ညွှန်ပြ သေးတယ်၊ ငါလည်း အရက်အိုးရှိရာကို သွားတဲ့အချိန် မှာ"

ဟု ပြန်စဉ်းစားနေချိန်မှာ ...

"ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ"

ဟူသော ကြေးစည်သံကို ရွှေတိုးကြားလိုက်ရသည့်အခါ ကြက်သီးများ ထသွားရင်း လွန်စွာမှ တထိတ်တလန့်ဖြစ်သွားလေတော့သည်။

"အလို ... ငါ ဘာကြောင့် ကြေးစည်သံ ကြားရလို့ ကြက်သီးတွေ ထနေရတာလဲ၊ ဒီကြေးစည်သံက ဘယ်ကပါလိမ့်"

ဟု ရွှေတိုး စဉ်းစားမိပြီး ...

"ညက ဟိုကောင်တွေ လာမအိပ်ဘဲ ဘယ်သွားနေကြလည်း မသိဘူး၊ အဲဒီညက သူတို့ ဘာကို မြင်လိုက်လို့ ကြောက်လန့်ပြီး ထွက်ပြေးကြတာလဲ"

ဟု ရွှေတိုး ... အငယ်လေး၊ ရဲစိုး၊ ဗိုလ်ပုတို့ကို သတိရလို့နေလေ၏။

"ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ"

ဟူသော ကြေးစည်သံကို ထပ်မံကြားလိုက်ရာ ရွှေတိုး လွန်စွာမှ တထိတ်တလန့်ဖြစ်ရပြန်၏။

"ဒီကြေးစည်သံက ဘယ်ကလဲ၊ အသုဘရှိလို့

အသုဘချခါနီးထုတဲ့ ကြေးစည်သံပဲ ဖြစ်ရမယ်။

ရွာထဲမှာ ဘယ်သူများ သေပါလိမ့်၊ ဒါ့ကြောင့်

... အငယ်လေးတို့၊ ရဲစိုးတို့၊ ဗိုလ်ပုတို့ ဒီကိုမလာကြ

တာပဲ''

ဟု ဆိုကာ တွေးမိပြန်၏။

''အင်း ... ဒီညတော့ မသာအိမ်မှာ အရက်ဖိုး

ရှာရမယ်''

ဟု တွေးတောနေစဉ် ...

''ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ

... ဒူ ... ဝေ ... ဝေ''

ဟု ထပ်မံကြားရပြန်၏။

ရွှေတိုး ကြေးစည်သံ ကြားလိုက်ရပြီး ကြောက်လန့်သွား

သော်လည်း ...

''ဘယ်က အသုဘလည်း မသိဘူး''

ဟု ဆိုကာ တိုက်ပျက်ကြီး အနောက်ဘက်ကနေပြီး

အပြင်သို့ ထွက်လာခဲ့လေ၏။

ထိုအချိန်၌ ...

ခွေးတစ်ကောင်သည် ရွှေတိုးကို မြင်လိုက်သည့်အခါ ဆွဲဆွဲငင်ငင်အူလေ၏။

"နေ့ခင်းကြောင်တောင် ဘယ်က သရဲတစ္ဆေ တွေ့လို့ ဟောင်နေသလဲ မသိဘူး။

ငါ ... ငါ ... သရဲတစ္ဆေကြောက်တယ်ဆိုကာ မှ"

ဟု ရွှေတိုး တိုက်ပျက်ကြီးနောက်မှတစ်ဆင့် အပြင်လမ်း မဖက်သို့ ထွက်လာခဲ့၏။

"ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ"

ဟူသော ကြေးစည်ကြည့်လိုက်သည့်အခါ တာတီးနှင့် ကိုမျိုးတို့မှာ ကြေးစည်ကို ရှေ့နောက်ထမ်းကာ ကြေးစည်ထုလာသည်ကို တွေ့ရပြန်၏။

ထို့နောက် ...

အသုဘယာဉ်ကို ရွှေတိုး မြင်သွားပြီး အသုဘယာဉ် နောက်ခန်းထဲမှ အခေါင်းတွင် ကွယ်လွန်သူ၏အမည်ကို ဖတ် ကြည့်လိုက်ရာ ရွှေတိုးမှာ ...

“ဟာ”

ဟု ဆိုကာ လွန်စွာမှ အံ့သြတထိတ်တလန့်ဖြစ်သွား လေတော့သတည်း။

## အခန်း (၁၀)

**ကွယ်လွန်သူ**

**ကိုရွှေတိုး**

**အသက် (၂၅) နှစ်**

ဟူ၍ ဖြစ်သည့်အခါ ရွှေတိုးမှာကား ...

"အလိုလေးဗျာ ... သေသူက ငါ ဖြစ်နေပါလား။ ဟင် ... အမေလည်း ငိုလို့၊ ငါ့ညီမတွေ၊ ငါ့ညီတွေ၊ ငါ့ဆွေမျိုး"

ဟု တထိတ်တလန့် ဖြစ်သွားလေတော့၏။

"ပြော် ... အရက်သမားတစ်ယောက်တော့ သွားရှာပြီပေါ့"

ဟု ရွာထဲမှာ နေရာတကာ ဆရာကြီးလုပ်နေသူ ဦးမြိုင် ဆိုသူက တခြားတစ်ယောက်ကို ပြောလိုက်လေ၏။

အခြားတစ်ယောက်က ...

"အရက်တွေ အလွန်အကျွံသောက်ပြီး လမ်း ဖြတ်ကူးတာ ကားကလည်း အရှိန်မထိန်းနိုင်ဘဲ တိုက် လိုက်တာ ပွဲချင်းပြီးသွားတယ်ဆိုပဲ"

ဟု ဆိုကာ ပြောလိုက်လေ၏။

"ဟာ ... ငါ ... ငါ ... ကားတိုက်ခံရလို့ သေတာဆိုပဲ"

ဟု ရွှေဝိုး ပြန်စဉ်းစားမိလေ၏။

"ဝုန်းဆိုပြီး ကြားလိုက်ရတဲ့အသံဟာ ငါ့ကို ကားတိုက်သွားတဲ့အသံပါလား။ ဒါဆို ... ငါဟာ အခု ဘာဖြစ်နေပြီလဲ၊ သရဲတစ္ဆေဖြစ်နေပြီလား။

ဒါမှမဟုတ် ဝိညာဉ်တစ်ကောင်လား"

ဟု တွေးကာ ဝမ်းနည်းလာ၏။ ရွှေတိုးသည် မိမိ၏အသုဘနာရေးကို လိုက်ပို့နေသလို ဖြစ်နေသော်လည်း လူတွေက ရွှေတိုးအား မတွေ့မမြင်သော်လည်း ရွှေတိုးမှာ အားလုံးကို တွေ့ရမြင်ရလေ၏။

ဖိုးဇော်၊ ကိုကျော်၊ အငယ်လေး။ လုံးလုံး။ ရဲစိုး။ မိုလ်ပု၊ ကိုပေါက်ကြီးတို့လည်း ရွှေတိုးအသုဘကို လိုက်ပို့ကြသည်ကို ရွှေတိုး ဝိညာဉ်ဘဝကနေ တွေ့ရသော်လည်း ၎င်းတို့အား ထိ၍ကိုင်၍ ပြောမရအောင် ဖြစ်နေသည့်အခါ ...

"ဟင် ... ငါ ... ငါ ... သေပြီ၊ အားလုံးနဲ့ ခွဲခွာရပြီ"

ဟု ဆိုကာ ရွှေတိုး ... ရွှေတိုး ငိုကြွေးလို့နေလေတော့၏။

□□□

## အခန်း (၁၁)

ရွှေတိုး၊ ကိုမျိုး၊ တာတီးတို့သည် ထမလုံကုန်းထိပ်ရှိ အရက်ဆိုင်တွင် အရက်အတူတူသောက်ကာ ထွက်လာခဲ့ကြလေ၏။

၎င်းတို့သုံးဦးမှာလည်း လွန်စွာမှ မူးလို့နေကြ၏။ သို့သော် . . . ရွှေတိုးမှာ အရက်ထပ်သောက်ချင်စိတ်က ရှိနေသေး၏။

အိတ်ထဲမှာလည်း အရက်ဖိုးက တစ်ပြားတစ်ချပ်မှ မရှိချေ။

ကိုပေါက်ဆိုင်မှာ အရက်ကြွေးသွားသောက်ရန် စိတ်ကူးရလေ၏။

"ဟေ့ ရွှေတိုး ...မင်း ပြန်တော့မလား"

ဟု ကိုမျိုးက ရွှေတိုးမှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ ကိုပေါက်ဆိုင်တွင် အရက်အကြွေးသောက်ရန်သာ စိတ်ကူးတွေးတောနေ၏။

"ရွှေတိုးမလိုက်ချင်လည်း ထားခဲ့ကွာ၊ ငါတို့ဘာသာ ပြန်မယ်"

ဟု တာတီးက ပြန်ပြောလိုက်သော်လည်း ရွှေတိုးမှာ တစ်ခွန်းတလေ ပြန်မပြောဘဲ တစ်ဖက်လမ်းကို ကူးရန် ခြေလှမ်းပြင်လိုက်လေ၏။

တာတီးနှင့်ကိုမျိုးမှာ ရွှေတိုးထံမှ တစ်စုံတစ်ရာ စကားမပြန်သဖြင့် ရွှေတိုးအား မကြားဝံ့မနာသာ ပြောဆိုကာ ထွက်သွားလေတော့၏။

ထိုအခါ ရွှေတိုးမှာ ရှေ့တိုးသွားရင်းက ကားလမ်း

အလယ်သို့ရောက်သည့်အခါ နောက်ကြောင်းကို ပြန်လှည့်ကြည့်မိလေ၏။

ရွှေတိုးနောက်ကြောင်းကို ပြန်လှည့်ကြည့်ရခြင်း အကြောင်းကား ကိုမျိုး၊ တာတီးတို့မှာ သူနောက်ကို လိုက်လာမလားဟု စိုးရိမ်စွာနှင့် ပြန်လှည့်ကြည့်ခြင်း ဖြစ်လေ၏။

ကိုမျိုးနှင့်တာတီးတို့သည် ရွှေတိုးထံမှ နည်းမျိုးစုံနှင့် အရက်ညာသောက်ကြသူများဖြစ်သည့်အတွက် ရွှေတိုးမှာ ရှိသည့်ငွေနှင့် သုံးယောက်မျှတပြီး သောက်ကြရသော်လည်း ရွှေတိုးမှာ မဝရေစာဖြစ်ရ၍ ၎င်းတို့နှစ်ဦးကို ပထုတ်ပြီး တစ်ယောက်တည်း အရက်သောက်ရန် ထွက်လာခဲ့ရသော်လည်း ၎င်းတို့ (၂) ဦး လိုက်လာမှာကို စိုးရိမ်မိသဖြင့် နောက်ကြောင်းကို ပြန်လှည့်ကြည့်ကာ ကိုပေါက်ဆိုင်သို့ သွားလေတော့၏။

"ဝုန်း"

ဆိုသည့်အသံကြားလိုက်ရသည့်အခါ ရွှေတိုးမည်သို့ဖြစ်သွားသည်မသိ။

ရွှေတိုးသိနေသည်က အရက်သောက်ဖို့ပင် ဖြစ်လေ၏။

ဝိညာဉ်ဘုံသားတို့သည် မိမိဘဝဟောင်းက နေထိုင်ခဲ့သောနေရာ၊ မိမိတို့စွဲလမ်းမြတ်နိုးခဲ့သော ပစ္စည်းတစ်ခုခုကို မှီတွယ်နေကြသည်ဟူ၍ ...

"ငါ ... အရက်သောက်ချင်စိတ်က စိုးမိုးနေတာကြောင့် အရက်ကလည်း မူးနေတော့ ကားတိုက်လို့ သေတာကိုတောင် မသိတော့ပါလား"

ဟု ဆိုကာ မျက်ဝန်းမှ မျက်ရည်များ စီးကျလာသော မျက်ရည်များကို သုတ်ရင်း ၎င်း၏ဖြစ်စဉ်များကို တစ်စတစ်စ ပြန်တွေးမိ၏။

ဝိညာဉ်ဘုံသားများသည် ကိုင်တွယ်၍ရသော သွေးသားပင် မဟုတ်စေကာမူ ၎င်းတို့အလိုရှိရာ ရုပ်အဆင်းသဏ္ဍာန်အမျိုးမျိုးကို ဆောင်ခဲ့ပြီး ၎င်းတို့စွဲလမ်းခဲ့သည့်နေရာသို့ ကျက်စားလေ့ရှိသည်ဟူ၍။

"ဟင် ... ငါ သေပြီ"

ဟု ရွှေတိုး ထပ်မံတွေးကာ ၎င်း၏အသုဘချရာ လိုက်

ပါဝိုဆောင်သည့်လူတွေကိုကြည့်ရင်း ဝမ်းနည်းကာ အော်ဟစ်ငိုမိ၏။

ရင်းငိုကြွေးသံသည်ကား ရွှေတိုး၏မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုး မိတ်ဆွေအပေါင်းအသင်းများ၊ မည်သူမျှမကြားနိုင်၊ တွေ့နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ရွှေတိုး လွန်စွာမှ စိတ်ထိခိုက်ရရှာလေတော့၏။

"ငါသေပြီ ... ငါ ... ငါ ... ငါ ဘယ်ဘဝကို ရောက်နေလဲ၊ ငရဲကျမှာလား။ ငါ ... ငရဲကျရင် ငရဲသားကြီးတွေက ငါ့ကို လှံတွေနဲ့ ထိုးမှာ။

ပြီးတော့ ... ပွက်ပွက်ဆူနေတဲ့ ငရဲအိုးထဲကို ထည့်ကြတော့မယ်"

ဟု ဆိုကာ ရွှေတိုး တွေးတောရင်း လွန်စွာမှ တထိတ်တလန့်ဖြစ်၍ လွန်စွာမှ ကြောက်လန့်လို့နေပြန်၏။

"အင်း ... ငါ ... ငါ ... ငရဲကျမှာ၊ ငါ ... လူရယ်လို့ဖြစ်လာကတည်းက ဘာကောင်းမှုကုသိုလ်မှ မလုပ်ခဲ့ဘူး။ အရက်သောက်၊ လူတကာပေါ်

ဗိုလ်ကျ၊ မိဘတွေအပေါ် စိတ်သောကရောက်အောင် လုပ်ခဲ့သူ။

ငါ ... အရက်ရဲ့ကျေးကျွန်ဖြစ်နေပြီး၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတွေကို မသိခဲ့ဘူး၊ အသိ,သတိတွေ မရှိခဲ့ဘူး''

ဟု ရွှေတိုး တွေးမိလေ၏။

"ရေဘူးနဲ့ဖိနပ်မပါ ... နွေအခါမှသိမယ်၊
သီလနဲ့ဒါနမပါရင် ... သေခါမှသိမယ်''

ဟု ဆိုသော အသံကို ရွှေတိုး ကြားလိုက်ရ၍ လွန်စွာမှ တထိတ်တလန့် ဖြစ်သွားရလေ၏။

ရွှေတိုးသည် မိမိ၏အသုဘကို လူအုပ်ကြီးနောက်မှ ကိုယ်တိုင်လိုက်ပါပို့ဆောင်ရင်း သုသာန်သို့ ရောက်ခဲ့လေတော့၏။

ထိုအချိန်၌ လွန်စွာမှ ကြောက်စရာကောင်းသော သတ္တဝါကြီးသုံးဦးသည် ရွှေတိုးအား စိုက်ကြည့်လို့နေလေ၏။

ရွှေတိုးသည် ထိုသတ္တဝါကြီးသုံးဦးအား မြင်တွေ့သွားရာ လွန်စွာမှ တထိတ်တလန့် ဖြစ်သွားလေ၏။

ထို့နောက် လွန်စွာမှ ကြောက်စရာကောင်းသော သတ္တဝါကြီး (၃) ဦးသည် ရွှေတိုးရှိရာသို့ တရွေ့ရွေ့ရောက်လာကြလေ၏။

ရွှေတိုးမှာ ၎င်းတို့အား လွန်စွာမှ ကြောက်လန့်ကာ ကျင်ငယ်များပင် ထွက်ကျကုန်၏။

ရွှေတိုး ထွက်ပြေးတော့မည့်အပြုတွင် ထိုသတ္တဝါကြီး (၃) ဦးက ရွှေတိုးအား ...

□□□

## အခန်း (၁၂)

မည်သူမဆို နေ့စဉ်နှင့်အမျှ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ... ဟူသော ကံသုံးပါးကို အကောင်းဘက်ကဖြစ်စေ၊ အဆိုးဘက်ကဖြစ်စေ ပြုမိကြလေ၏။

ထို့အတွက် မြတ်စွာဘုရားရှင်က ဓမ္မပဒ၌ ...

"ချစ်သားတို့ ... နာမ်ခန္ဓာလေးပါးတို့သည်

စိတ်လျှင် ရှေ့သွားမှာန် ရှိကြကုန်၏။

စိတ်လျှင် အကြီးအမှူး ရှိကြကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။

သန့်ရှင်းစင်ကြယ်သောစိတ်ဖြင့် အကယ်၍သာ ပြောဆိုသော်ငင်း။

ကြံစည်သော်ငင်း၊ ပြုလုပ်သော်ငင်း၊ ထိုသို့ ပြုလုပ်သောကောင်းမှု၊ မကောင်းမှုအရိပ်တို့သည် လူကိုမစွန့်မူ၍ အစဉ်လိုက်လေ့ရှိသည်။

လှည်းဘီးသည် နွားဆွဲရာ ခြေရာနောက်သို့ အစဉ်လိုက်သကဲ့သို့တည်း''

ဟု ဆိုကာ ဟောကြားတော်မူခဲ့လေ၏။

လူတို့သည် မွေးသည့်မှ သေဆုံးသည့်ကာလအထိ ကုသိုလ်နှင့်အကုသိုလ်၊ ကုသိုလ်အကျိုးအဆက်တို့ကိုလည်း သံသရာနောက်သို့ သယ်ဆောင်သွားရလေတော့သတည်း။

□□□

## အခန်း (၁၇)

**သက်**ရှိ သတ္တဝါမှန်သမျှတို့သည် သေခြင်းတရားမှ လွတ်မြောက်ရန်အတွက် သေမင်းကို ရွှေ ငွေတို့နှင့် လာဘ်ထိုး၍သော်ရင်း။

စစ်သည် ဗိုလ်ပါများနှင့် ခုခံကာကွယ်၍သော်ရင်း ...

ရနိုင်မည် မဟုတ်ချေ။

သက်ရှိသတ္တဝါမှန်သမျှ တစ်နေ့မဟုတ် တစ်နေ့နေ့

ရွှေပဒေသာစာပေ

တစ်ချိန်ချိန်မှာ သေကြရမည်။

သေခြင်းတရားကို တည်ငြိမ်စွာနှင့် ရင်ဆိုင်ရန်အတွက် မသေခင်က ဆင်ခြင်ရမည့်တရား (၅) ပါးကို သိရှိထားခြင်းဖြင့် ဆင်ခြင်တရား ပွားထားရန် လိုအပ်လေတော့၏။

"ငါသည် တစ်နေ့ အိုရမည်"

"ငါသည် တစ်နေ့ နာရမည်"

"ငါသည် တစ်နေ့ သေရမည်"

"ငါသည် တစ်နေ့ ချစ်သောသူနှင့်
ရှင်ကွဲသော်ရင်း၊ သေကွဲသော်ရင်း
ကွဲရမည်"

ငါသည် ကံသာလျှင် ဥစ္စာ၊ အမွေအနှစ်ဖြစ်၏။ ကံသာလျှင် အကြောင်းအရင်း ဖြစ်၏။

ကံသာလျှင် ဆွေမျိုး၊ ကိုးကွယ်ရာဖြစ်၏။ ကောင်း မကောင်းကို ငါပြုသော် ထိုကံ၏အကျိုးကိုသာ ငါ ခံစားရမည် ဖြစ်လေ၏။

ဟု အဘိဏှာသုတ်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟော ကြားခဲ့သော ...

"အို

နာ

သေ

ကွဲ

တံ ကနည်းအမြဲ ဆင်ခြင်ကြ"

ဟူသော တရား (၄၊) ပါးကို ဆင်ခြင်ပွား သတိထား ကြရန် လိုအပ်လေ၏။

"မအိုမီရှာထား။ ဒါနတရား"

"မနာမီရှာထား။ သီလတရား"

"မသေမီရှာထား။ ဘာဝနာတရား"

ဟု ဆိုသည့်အတိုင်း ...

"မသေမီကုသိုလ်ရှာ၊ သေခါ

သက်သာမည်"

ဟူသော မွန်မြတ်သော ဆောင်ပုဒ်အတိုင်း မသေမီမှာ ကုသိုလ်ရှာထားကြရမည် ဖြစ်လေတော့သတည်း။

□ □ □

## အခန်း (၁၄)

ဒါန၊ သီလ၊ ဘာဝနာတရားတို့သည် လွန်စွာမှ မွန်မြတ်သော ကုသိုလ် တရားများသာ ဖြစ်ကြကုန်၏။

အဆိုပါ တရားများကို ကြိုတင်ပြုလုပ်ထားမှသာလျှင် သေခါနီးတွင် သက်သာပါလိမ့်မည်။

ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ငယ်စဉ်ကတည်းက အလေ့အကျင့်မလုပ်ဘဲ အိုမှ၊ နာမှ၊ ရှာ၍မရချေ။ သေခါနီး အချိန်ကျမှ ဘာဝနာပွားနေ၍ မရချေ။

သေခါနည်းအချိန်ကျမှ အဝိဇ္ဇာတွေ၊ တဏှာတွေ

ဥပါဒါန်တရားတွေ ဖြတ်တောက်ပယ်ရှားဖို့ ကြိုးစားရန် မလွယ်ကူချေ။

ဒါန၊ သီလ၊ ဘာဝနာ ရိက္ခာထုတ်မပါသူ၊ မပြည့်သူတွေအဖို့ ကုသိုလ်လမ်းနှင့် ဝေးကြရတော့မည်။

အရောင်လွှမ်းသော အ,ကုသိုလ်လမ်းက လက်ဆင့်ကမ်းကြိုတော့မည်။

သို့အတွက် ဒါနကိုပင် မရှာလျှင်၊ သီလကိုမရှာလျှင်၊ ဘာဝနာကို မရှာလျှင် . . . အို၊ နာ၊ သေလျှင် ဒုက္ခရောက်မည်သာ ဖြစ်လေတော့သတည်း။

□□□

## အခန်း (၁၅)

ခြေလက်၊ ကိုယ်လုံး။ ကိုယ်ထည်တို့သည် ရွှေတိုးထက် လွန်စွာမှ ကြီးမားတုတ်ခိုင်ပြီး ခါးတောင်းကို မြှောင်နေအောင် ကျိုက်ထားသော လူမည်းကြီးများက ရွှေတိုးအား ...

"ဟေ့ကောင် ... မပြေးနဲ့ ဒီကိုလာခဲ့"

ဟု ဆိုကာ အသံမာမာနှင့် အော်ခေါ်လိုက်လေ၏။

ထို ... လူမည်းကြီး (၃) ယောက်သည် လွန်စွာမှ မျက်နှာက ခက်ထန်လို့နေလေ၏။

ရွှေတိုးထက်ပင် အဆပေါင်းများစွာ ခွန်အားဗလ ကြွာ ခြားလို့နေလေ၏။

"အင်း ... ငါ ... ငါ ... ဘာလုပ်ရမှာလဲ

ထွက်ပြေးရမှာလား"

ဟု ရွှေတိုး ထိုလူမည်းကြီးတို့ကို ကြောက်လန့်၍ နေ လေ၏။

"ဟင် ... ငါ ... ငါ ... ငါ ကားတိုက်သေ

သွားလို့ ငါ့အသုဘတောင် ချသွားပြီ၊ ငါ ဘာလုပ်ရ

မလဲ။

အမေရေ ... ကျွန်တော့်ကို ကယ်ပါဦး။ အမေ့

သား အရက်သမားကြီးကို မကယ်နိုင်တော့ဘူးလား"

ဟု ဆိုကာ လွန်စွာမှ ဝမ်းနည်း၍ ငိုကြွေးလို့နေလေ တော့၏။

"ဟော့ကောင် ... မင်း ငိုနေလို့လည်း အပိုပဲ"

ဟု ပြောလိုက်သည့်အသံကြောင့် ရွှေတိုး လွန်စွာမှ

တထိတ်တလန့်ဖြစ်ကာ ခြေဦးတည့်ရာ စွတ်ပြေးရာ ရွှေတိုး မည်မျှကြာအောင် ပြေးမိသည်မသိ။ ရွှေတိုးခင်ဗျာ လွန်စွာမှ မောပန်းနေရင်း သူရောက်နေသည့်အရပ်ကို ကြည့်လိုက်ရာ..

"ဟာ ... ငါ သုသာန်ထဲက ထွက်ပြေး လာတာ အခု ဘယ်ရောက်နေပါလိမ့်"

ဟု တွေးမိပြီးလျှင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိလေ၏။

ထိုနေရာ၌ သစ်ပင်ဟူ၍ တစ်ပင်တလေမျှ မတွေ့ရ။ ဟင်းလင်းပြင်ကွက်လပ်ကြီးထဲသို့ ရွှေတိုး ရောက်လို့နေလေ၏။

ရွှေတိုး၏မျက်နှာချင်းဆိုင်ရှေ့တည့်တည့်တွင် လွန်စွာမှ ကြီးမားသော ဝင်းကြီးလို ကာရံထားလေ၏။

ထို့နောက် ရွှေတိုးသည် နောက်ကြောင်းကို လှည့်ကြည့်ရာ သင်္ချိုင်းထဲမှာ တွေ့ခဲ့ရသော လူမည်းကြီးများကို မတွေ့ရ တော့သဖြင့် ...

"ဟူး ... တော်ပါသေးရဲ့ ... လူမည်းကြီးတွေ လိုက်မလာကြလို့"

ဟု ဆိုကာ ရွှေတိုး စိတ်သက်သာရာ ရသွားလေတော့ ၏။

"ဒီဝင်းကြီးက ကာရံထားတာ ဘာလဲမသိဘူး။

သွားကြည့်ဦးမှ"

ဟု မပြောတော့ဘဲ အေးဆေးစွာ ရွှေတိုး လမ်းလျှောက်သွားလေတော့၏။

တဖြည်းဖြည်းနှင့် ရွှေတိုး သွားရင်းက ကာရံထားသော ဝင်းကြီးအနားသို့ နီးလာသည်နှင့်အမျှ ဝင်းကြီးအတွင်းမှ ရှုညံ့ အော်ဟစ်သံများ ထွက်ပေါ်လာသည့်အတွက် ရွှေတိုးမှာ တထိတ်တလန့်ဖြစ်ကာ ကြက်သီးများပင် ထအောင် ကြောက်စရာကောင်းသည့် အသံများ ကြားလိုက်ရလေ၏။

ထိုဝင်းကြီးအနားသို့ရောက်သည့်အခါ ကျောက်ဖျာကြီးကဲ့သို့ အပြားကြီး (၂) ချပ်သည့် တံခါးလိုပင် ပွင့်သွားလေ၏။

အတွင်းထဲတွင် ဖြူးနေသော လမ်းမကြီးကို တွေ့ရလေ၏။

ထိုဖြူးနေသော လမ်းမကြီးပေါ်သို့ ရွှေတိုး ခြေချလိုက်သည့်အခါ ...

"အောင်မယ်လေး"

ဟု အလန့်တကြား အော်လိုက်မိလေ၏။

အတွင်း၌ အပူရှိန် ဟပ်သလို ရှိန်းခနဲဖြစ်သွားပြီးလျှင် ပူလာ၏။

အော်ဟစ်ရှည်သောအသံများ လုံးဝမကြားရတော့ချေ။

ထိုအခါ ရွှေတိုးမှာ ဆက်၍ပင် သွားရမည်လား။ နောက်ကြောင်းပင် ပြန်လှည့်ရမည်လား။ ချီတုံ ချတုံ ဖြစ်လို့နေလေ၏။

ရွှေတိုး နောက်ကြောင်းကို ပြန်လှည့်မည်ဆိုပါလျှင် လွန်စွာမှ ကြောက်စရာကောင်းသည့် လူမည်းကြီးများနှင့် ထပ်တွေ့မှာကိုပင် စိုးရိမ်မိလေ၏။

ရှေ့ဆက်တိုးဖို့ဆိုလျှင် လွန်စွာမှ ပူပြင်းသော အပူရှိန်များ ဟပ်သလိုမျိုး ရှိန်ခနဲဖြစ်ပြီး ပူလောင်ခြင်းဒဏ်ကို ခံရလေဦးမည်။

ထို့ကြောင့် ရွှေတိုးသည် ရှေ့မတိုး။ နောက်မဆုတ် ခြေစုံကိုရပ်၍ နေစဉ် ...

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး"

ဟူသော ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သည့် အသံများကို ကြားလိုက်ရသည့်အတွက် ရွှေတိုး လွန်စွာမှ

ကြောက်စရာကောင်းသော သချိုင်းထဲမှာ တွေ့ရသော လူမည်းကြီး (၃) ယောက်ပင် ဖြစ်လို့နေလေတော့၏။

"မင်းဟာ ...ငါတို့လက်က ပြေးလို့မလွတ်ပါဘူးကွာ။

မင်း ဘယ်ကိုပဲပြေးပြေး နောက်ဆုံးတော့ ဒီနေရာကိုပဲ ပြန်ရောက်လာမှာပါ"

ဟု လူမည်းကြီးတစ်ယောက်က စိတ်ရှည်၊ လက်ရှည် ပြောလိုက်လေတော့၏။

မည်သို့မျှ လွတ်မည်မဟုတ်၍ ရွှေတိုး ဒူးထောက်ကာ အညံ့ခံလိုက်ရလေတော့၏။

ထို့နောက် လူမည်းကြီး (၂) ယောက်က ရွှေတိုးအား ချုပ်ကိုင်လိုက်ပြီး တစ်နေရာသို့ ခေါ်ဆောင်သွားလေတော့၏။

ထိုလူမည်းကြီး (၂) ယောက်က ခေါ်ဆောင်သွားသည့်အခါ ရွှေတိုး စဉ်းစားမိသည်မှာ လူ့ဘဝက ကောင်းမှုနှင့် မကောင်းမှု။ အမှန်တကယ် ရွှေတိုးသည် ကောင်းမှုထက်၊ မကောင်းမှုက လွန်စွာမှ များပြားလို့နေလေ၏။

"အင်း ...ငါဟာ မကောင်းမှုတွေများလို့ ငရဲ

ကျတော့မှာပါလား။

ဒါကြောင့် လူမည်းကြီးတွေဟာ ရေသားတွေ ဖြစ်ရမယ်''

ဟု ရွှေတိုး တထိတ်တလန့်ဖြစ်သွားလို့နေလေတော့၏။

❑❑❑

## အခန်း (၁၆)

သေလုနီးပါးဖြစ်နေသော လူနာတစ်ဦးတစ်ယောက်အတွက် သေခါနီးအာရုံဖော မျှောနေချိန်ဝယ် မိတ်ဆွေကောင်း၊ လမ်းပြကောင်းတစ်ဦး ရှိဖို့လိုအပ်၏။

သေခါနီးမျှောနေသော အာသန္နကံအာရုံဖောသည် လွန်စွာမှ ကြောက်စရာကောင်းသလို တစ်ယောက်ကလည်း အာသန္နကံ ကုသိုလ်ဖောကြောင့် မကောင်းဘုံရောက်မည့်ဆဲဆဲ

မှာပင် ကောင်းသောဘုံသို့ ပြောင်းရွှေ့ရောက်ရတတ်လေ၏။

သေခါနီးလူတစ်ယောက်၏မိတ်ဆွေသည် သေခါနီးလူ၏အာရုံ၌ ပစ္စည်း၊ ဥစ္စာ၊ သားသမီး၊ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်း ... စသည်တို့အပေါ်၌ စွဲလမ်းတွယ်တာမှု မရှိစေရန် သတိပေးပြောကြားဖို့ လို၏။

သေခါနီးလူသည် အာရုံများ စွဲလမ်း၍ သေဆုံးခဲ့ရသော် ရေဲဘဝ၊ တိရစ္ဆာန်ဘဝ ... စသော အပါယ်ငရဲသို့ ရောက်သွားနိုင်၏။

သေခါနီးလူတွင် သားမယား၊ သားသမီး၊ ဆွေမျိုးစသည်တို့သည် ရှိသော်ငြားလည်း ထိုသို့ သတိပေးရမည်ကို သိချင်မှ သိကြပေမည်။

သို့သော်လည်း မိမိတို့နှင့် သွေးသားတော်စပ်သူတစ်ယောက် မိမိတို့ထံပါးမှ ခွဲခွာသွားရတော့မည်ကိုသိ၍ ပူဆွေးကြေကွဲဝမ်းနည်းနေရသောကြောင့် ထိုသို့ သတိပေးရန် သတိမရ၍ပင် ဖြစ်တတ်လေ၏။

သို့အတွက် သေခါနီးလူအား တည်ငြိမ်စွာ သတိပေးနိုင်သော မိတ်ဆွေ လိုအပ်ပေသည်။

ထိုမိတ်ဆွေသည် သေခါနီးလူအား ဥစ္စာ၊ ရွှေ၊ ငွေစသည်တို့ကို မကိုင်မတွယ်ထားစေရန်၊ ရတနာသုံးပါး သက်ဆိုင်သော အာရုံကောင်းများ အာရုံပြုနိုင်ရန် ပြောကြားပေးရမည်ဖြစ်၏။

အာရုံမမှားစေရန် မကောင်းသောဘုံသို့ မရောက်စေရန် တွယ်တာမှုများ မမှားစေရန် ၎င်း၏အနားတွင် ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ မပြုရပေ။

၎င်းကောင်းသော အာရုံပြောင်းနိုင်ရေးကို အားပေးကူညီကြရမည် ဖြစ်လေ၏။

အထက်ပါကိစ္စနှင့်ပတ်သက်၍ မဟာဝဂ္ဂဂီလာနသုတ်၌ ဘုရားရှင်လက်ထက်က မဟာနာမ်အမည်ရှိသော ဥပါသကာသည် ပြင်းထန်စွာဝေဒနာကို ခံစားနေရသောပုဂ္ဂိုလ်ကို မည်သို့သော အားပေးစကားများ ပြောသင့်ပါသနည်းဟု ဘုရားရှင်ကို လျှောက်ထားခဲ့ဖူးလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က မဟာနာမ်အား အောက်ပါအတိုင်း အဆင့်ဆင့် သံယောဇဉ်ပြတ်နည်းကို လမ်းညွှန်ပြသတော်မူခဲ့လေ၏။

မဟာနာမ်ပညာရှိဥပါသကာသည် သည်းထန်စွာ နာမကျန်းဖြစ်နေသော် ဥပါသကာက သက်သာရာရနိုင်သော လေးပါးသောတရားတို့ဖြင့် နှစ်သိမ့်စေအပ်၏။

ထိုလေးပါးသော တရားဟူသည်ကား ...

“အရှင်သည် နှစ်သိမ့်ပါလော့၊ အရှင်သည်

ဘုရား၊ တရား၊ သံဃာ ကြည်ညိုရင်း ရှိ၏။

အရိယာတို့နှစ်သက်သော သီလလည်း ရှိ၏။

ဤသို့ နှစ်သိမ့်စေအပ်၏။ ဤသို့ နှစ်သိမ့်စေသော် အရှင်အား မိဘ (၂) ပါးတို့အပေါ်၌ ငဲ့ကွက်ခြင်းရှိပါသေးသည်။ ဖြေခဲ့သော အရှင်သည် သေခြင်းသဘောရှိသူ ဖြစ်၏။

မိဘအပေါ်၌ ငဲ့ကွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သေရမည်သာ ဖြစ်၏။

ထို့ကြောင့် မိဘတို့အပေါ် ငဲ့ကွက်ခြင်းကို စွန့်ပယ်ပါလော့”

ဟု တိုက်တွန်းအပ်ပါသည်။

ထို့နောက် ဇနီး၊ သားသမီး၊ ဆွေမျိုးတို့အား ငဲ့ကွက်ရန်

ရှိသေးသည်ဟုဆိုလျှင်လည်း စွန့်ပယ်ရန် တိုက်တွန်းအပ်ပါသည်။

လူတို့၌ဖြစ်သော ကာမဂုဏ် (၅) ပါးတို့၌ ငဲ့ကွက်သည် ရှိသော်လည်း ကာမဂုဏ်ကို စွန့်ပယ်ပြီး စတုမဟာ ရာဇ်နတ်တို့၌သာ စိတ်ကို သက်ဝင်စေလောဟု တိုက်တွန်းအပ်ပါသည်။

စတုမဟာရာဇ်တို့အတွက် သာလွန်မြတ်သည့်အတွက် တာဝတိံသာနတ်ကို စိတ်ဝင်သက်လော့ဟု တိုက်တွန်းအပ်လေ၏။

ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့၌ စိတ်သက်ဝင်စေရန် တစ်ဆင့်ပြီးတစ်ဆင့် တိုက်တွန်းရလေ၏ ...ဟု ဟောကြားတော်မူလေ၏။

အရှင်ဆိုသည်မှာ
လူနာကို ခေါ်ဆိုခြင်း ဖြစ်သည်။
စာရေးသူ

❑❑❑

## အခန်း (၁၇)

ဤသို့ ပစ္စုပ္ပန်လောကမှ တစ်စုံတစ်ယောက်သောသူသည် သေဆုံး၍ တမလွန်ဘဝသို့ ကူးပြောင်းသွားသောအခါ ထိုသူကို ရည်မှန်း၍ ကျန်ရစ်သူတို့က ကုသိုလ်ပြုကာ အမျှပေးဝေသည့်အခါ ထိုသူထံ ရောက်,မရောက်နှင့်၊ ပေးဝေသောအမျှတို့ကို ထိုသူတို့ထံ ခံစားရ, မခံစားရနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဇာဏုသောဏိသုတ်၌ မြတ်စွာဘုရားရှင်က

တိတိကျကျ ဟောထားတော်မူ၏။

ဇာတကာသောလီပုဏ္ဏားကြီးက မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်၍ သေသောသူအတွက် ရည်မှန်း၍ ပေးလှူသော အလှူ ဖို့ကို သေသူတို့ ရ,မရ လျှောက်ထားရာမှာ မြတ်စွာဘုရားက ...

ဒုစရိုက် (၁၀) ပါးပြု၍ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ ရောက်သူ များ။ သုစရိုက် (၁၀) ပါးပြု၍ နတ်ဘုံ၊ လူဘုံရောက်သူများ။ ထိုပုဂ္ဂိုလ်များအတွက် အမျှပေးဝေမှုက အမျှမရနိုင်။

ဒုစရိုက် (၁၀) ပါးပြု၍ ပြိတ္တာဘုံသို့ရောက်သောသူတွေ သာလျှင် အမျှပေးဝေက ရရှိနိုင်၏။

ကုသိုလ်ကံပြုသောသူတို့ကလည်း ကုသိုလ်အဖို့ ရရှိ ခံစားရသည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့လေ၏။

အမျှပေးဝေရာတွင် သီလမရှိသော ဒုသီလကို လှူပြီး အမျှပေးဝေကလည်း အမျှကုသိုလ်မရနိုင်ဟု ဆို၏။

သို့အတွက် အမျှပေးဝေရာတွင် သီလရှိသော ပုဂ္ဂိုလ် ကို လှူပြီး အမျှပေးဝေမှသာလျှင် အမျှကုသိုလ်ရနိုင်လေ၏။

ပြိတ္တာဘုံသို့ရောက်ရသော ပြိတ္တာတို့ဘဝသည် အစား

ဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲဘဝဖြင့် ဒုက္ခကြီးစွာ ခံစားရသူများ ဖြစ်လေ၏။

သို့အတွက် သူတို့အား အ,ကုသိုလ်ပြုသူက ဆွမ်းရေ လှူ၍ အမျှပေးဝေပါက အစာအာဟာရ ပြည့်စုံစွာ စားရသော ဘဝသို့ ရောက်ရ၏။

သင်္ကန်းစသည်တို့ကို လှူဒါန်း၍ အမျှပေးဝေပါက အဝတ်ပြည့်စုံစွာ ရရှိခံစားရလေ၏။

အဆောက်အအုံဆောက်၍ လှူဒါန်းပါက ဘုံဗိမာန် ရရှိခံစားရရှိလေ၏။

ဟု ဟောကြားတော်မူလေသတည်း။

❑ ❑ ❑

အခန်း (၁၈)

"အား ကယ်ကြပါဦး"

ဟု အော်သံများကြောင့် ရွှေတိုး လွန်စွာမှ ကြောက်လန့်လို့သွားလေ၏။

လူမည်းကြီး (၂) ယောက်က လူအတော်များများကို သံခက်ရင်းခွကိုင်ကာ ကျွဲ နွားများကို လှံစွပ်နှင့် ထိုးသကဲ့သို့ ထိုးနှက်ကြပြီး သံရည်ပူပူ ဒယ်အိုးထဲသို့ ဝစ်ချလိုက်လေ၏။

ဘညီကြီး

သံရည်ပူပူ ဒယ်အိုးထဲမှာ အပြုတ်ခံရသူများမှာ ယောကျ်ား၊ မိန်းမ အရွယ်စုံ ပါဝင်လေ၏။

ထိုအရာကို တွေ့လိုက်ရသည့် ရွှေတိုးမှာ လွန်စွာမှ တုန်လှုပ်ချောက်ချားသွားလေ၏။

ရွှေတိုးသည် တစ်စုံတစ်ရာ ပြန်မပြောရဲသဖြင့် လူမည်းကြီးတို့ ခေါ်ဆောင်ရာနောက်သို့ လိုက်သွားရလေ၏။

တံတိုင်းအတွင်းသို့ရောက်သည့်အခါ လွန်စွာမှ ခမ်းနားကြီးကျယ်သော အဆောက်အအုံမည်းမည်းကြီးထဲသို့ ဝင်ရလေ၏။

ထိုအထဲ၌ အလင်းရောင်များဖြင့် လွန်စွာမှ ခံ့ညားထည်ဝါသော ပုဂ္ဂိုလ်ကြီးတစ်ယောက်သည် အစောင့်အရှောက်များနှင့် ခြံရံလျက် ထိုင်လို့နေ၏။

ရွှေတိုးအား ခေါ်လာသော လူမည်းကြီးတို့က ရွှေတိုးကို ထိုပုဂ္ဂိုလ်ကြီးရှေ့သို့ ပို့လိုက်လေ၏။

ရွှေတိုးသည် ထိုပုဂ္ဂိုလ်ကြီးရှေ့သို့ ရောက်သောအခါ ငုတ်တုတ်ကလေး ထိုင်ရှိခိုးလေ၏။

ရွှေတိုးသည် လွန်စွာမှ ကြောက်၍ မည်သူ့ကိုမျှ မကြည့်

ရဲ့ ခေါင်းငုံ့ကာ နေရလေ၏။

"မောင်မင်း ... လူ့ပြည်မှာ ရှိစဉ်တုန်းက ဘာတွေများ ကောင်းမှုကုသိုလ်တွေ ..."

ဟု ထိုပုဂ္ဂိုလ်ကြီးက အသံဩဇာကောင်းကောင်းနှင့် ရွှေတိုးအား မေးလိုက်လေ၏။

ထိုအခါ ရွှေတိုးမှာ လွန်စွာမှ ကြောက်လန့်ပြီး အရာရာကို မေ့သွားလေ၏။

သို့သော် ရွှေတိုး၏စိတ်ထဲတွင် ဒေါ်တင်ရီ မွေးထားသော ကြက်ဖကြီးတစ်ကောင်ကို ခိုးပြီးပြီ ဖိုးဖော်၊ တာတီး၊ ကိုမျိုးတို့နှင့် ချက်ပြုတ်ကာ အရက်နှင့် မြည်းဖူးသည်ကို အမှတ်ရသွားကာ ...

"သူများ မွေးထားတဲ့ ကြက်ကို သတ်ပြီး ချက်စားဖူးပါတယ်"

ဟု ထွက်ဆိုလိုက်လေ၏။

"စဉ်းစားပြီး ဖြေနော်၊ လူ့ပြည်မှာ ရှိစဉ်က ဘာလုပ်သေးလဲ"

ဟု ထိုပုဂ္ဂိုလ်ကြီးက ထပ်မေးရာ ...

ဝိညာဉ်တစ်ကောင်၏ နောက်ဆုံးနေ့များ

"အား ... ကယ်တော်မူကြပါ"

ဟု လွန်စွာမှ ပူလောင်သော ဝေဒနာများကို ခံစားရလေတော့၏။

ရွှေတိုးသည် ငရဲကျခံနေရချိန်တွင် အမှားများကို သိရပြီး နောင်တရသော်လည်း ရွှေတိုးရသည့် နောင်တမှာ လွန်စွာမှ နောက်ကျသွားရရှာလေတော့သတည်း။

လုံးစုံများစွာ သတ္တဝါ

ချမ်းသာကိုယ်စိတ်

မြဲကြပါစေသော် ...

**ဘညိုကြီး**

၂၀၁၄ နိုဝင်ဘာလ (၃) ရက်

မနက် (၃) နာရီ

ဖုန်း ၄၂၀ ၁၉၀ ၃၇၈

"ဦးတင်လှိုင် မွေးထားတဲ့ ဝက်မလေးကို နိုးပြီး ခင်မောင်ထွေး၊ ကိုချစ်၊ ကျော်ဦးတို့နဲ့ သတ်စားဖူးခဲ့ပါတယ်"

ဟု ရွှေတိုး ဖြေလိုက်လေ၏။

"ထပ်စဉ်းစားပြီး ဖြေဦး"

ဟု ထပ်မေးသော်လည်း ရွှေတိုး မဖြေနိုင်။ ထို့နောက် ပုဂ္ဂိုလ်ကြီးက ...

"ဟော့ ... ဒီကောင် ... လူ့ပြည်မှာတုန်းက ဘာတစ်ခုမှ ကောင်းမှုကုသိုလ် လုပ်ဖူးတာ မရှိဘူး။

အရက်သောက်၊ သူများပစ္စည်း နိုးတဲ့အကောင်ပဲ။

သူ့ကို ဒယ်အိုးထဲသာ ထည့်ပြီး မှတ်လောက်အောင် အပြစ်ပေးလိုက်ကြ"

ဟု ဆိုကာ လူမည်းကြီးများကို တာဝန်ပေးလိုက်လေတော့၏။

ယိုအခါ လူမည်းကြီးတို့ကလည်း ရွှေတိုးအား ဆွဲခေါ်ကာ ဒယ်အိုးထဲသို့ ရွှေတိုးအား ထည့်လိုက်သည့်အခါ ...